The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-3-2008) (၅၆၃၄)

တပ်မတော်နဲ့ပြည်သူ တစ်သွေးတည်း တစ်သားတည်း ကြည်ဖြူစွာလက်တွဲခဲ့

ဒို့တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးကာလမှာ ဒို့တပ်မတော်ဟာ ရဟန်းရှင်လူ ပြည်သူအားလုံးနဲ့ လက်တွဲပြီး ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးခဲ့တာဖြစ်တယ်။ ပြည်သူဟာလည်း တပ်မတော်၊ တပ်မတော်ဟာလည်း ပြည်သူအဖြစ် တစ်သွေးတည်း၊ တစ်သားတည်း ကြည်ဖြူစွာ လက်တွဲခဲ့ကြတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာဂျူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖာ့ခ်ရူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပလရ–ပြည်တော်သာ–ပေါက်ကုန်းကျေးရွာချင်းဆက် ဝါယာလက်–ရွှေနှင်းဆီ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား မှခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၅

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပလရ–ပြည်တော်သာ–ပေါက်ကုန်း ကျေးရွာချင်းဆက် "ဝါယာလက်–ရွှေနှင်းဆီ" ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေး(ပလရ)ရပ်ကွက်ရှိ အဆိုပါ လမ်းသစ်မင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ ရေးဦးစွာ မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီနာယက ဦးခင်မောင်ဦးတို့က "ဝါယာလက်–ရွှေနှင်းဆီ" ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မင်္ဂလာရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆-၃-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်း၊ တံတားများ တိုးမြှင့်တည်ဆောက်ဖွင့်လှစ် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်

ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ခြင်းတို့သည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။

ရခိုင်ပြည်နယ်သည် မြစ်များ၊ ချောင်းများ၊ တောင်တန်းများ ဆီးတားကာရံထားသကဲ့သို့ တည်ရှိနေသဖြင့် ယခင်က ရေကြောင်းနှင့် လေကြောင်းလမ်းများဖြင့်သာ ဆက်သွယ်သွားလာနိုင်သည်။ အခြားသော ပြည်နယ်နှင့်တိုင်းများ၊ ဒေသတွင်း ဆက်သွယ်ရေးများတွင် ခက်ခဲမှုများ ရှိခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်၌ ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ် အသွယ်သွယ်တို့ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးနှင့် အခြားသော ပြည်နယ်၊ တိုင်းဒေသတို့နှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက် ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်-စစ်တွေလမ်းမကြီး၊ အမ်း-စစ်တွေလမ်းပိုင်းရှိ ကျောက်တန်းတံတားကို မတ်လ ၂၁ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ကျောက်တန်းတံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၁၂ စင်းမြောက်တံတားဖြစ်သည်။ ယခင်က တစ်လမ်းသွား ဘေလီကြိုးတံတားသာ ဖြစ်သဖြင့် တံတားခံနိုင်ဝန် ၁၃ တန်သာရှိသည်။ ယခုတံတားသစ်သည် သံကူကွန်ကရစ် နှစ်လမ်းသွားတံတားဖြစ်ရာ တံတားခံနိုင်ဝန်တန် ၆၀ ရှိသဖြင့် ကုန်စည်ပို့ဆောင်တင်ပို့ရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်က ရခိုင်ပြည်နယ်တွင် ကျောက်တန်းတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတား ၃၆ စင်းနှင့် လမ်းမိုင်ငါးရာကျော် တည်ဆောက်ဖောက်လုပ်ပေးထားပြီးဖြစ်ရာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း လမ်းသစ်၊ တံတားသစ်များစွာ တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးထားပြီဖြစ်ရာ ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့်အတူ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး ကုန်သွယ်စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးပြုလျက်ရှိပါသည်။ ။

ဖခင်ဦးဘိုးငွေ-မိခင်ဒေါ်စု၊ ခင်ပွန်းဦးစောလွင်နှင့် သားကြီး ဦးသန်းစိုး၊ ဦးကျော်ရှိန်၊ ဦးမိုးအောင်ကျော်တို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်းနေ မိခင် ဒေါ်ခင်သန်း၊ သမီး ဒေါ်ဖြူမာဦး မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝိပဿနာ ၁၀ ရက် တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၁)ဝိုင်း ဓမ္မသုခရိပ်သာကျောင်း၌ ကမ္မဋ္ဌာနာစရိယ နည်းလှည့်သာသနာပြု ဓမ္မကထိက အကျော်မော်လမြိုင်တလရော့(ဒ်) ရိပ်သာကျောင်းမှ ဆရာတော်ဦးနန္ဒိယက ဝိပဿနာတရားတော်များကို မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ ၁၀ ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ မတ် ၂၇ ရက် နံနက် ၈ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးစခန်းများစစ်ဆေး

ရန်ကုန် မတ် ၂၅

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် မတ် ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုးမိတ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းစခန်းရုံးသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိုးမိတ်မြို့ မိုက္ကရိုဝေ့ဗ်စခန်းသို့ ရောက်ရှိကာ စခန်းအတွင်း တပ်ဆင်ထားသည့် ဆဲလ်လူလာတယ်လီဖုန်းစက်ပစ္စည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးမိတ်မြို့၏ ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်တိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းရုံး၏ D-AMP ဆဲလ်လူလာတယ်လီဖုန်းစနစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် D-AMP ဆဲလ်လူလာတယ်လီဖုန်းစနစ် တပ်ဆင်ထားသည့် စက်ခန်းကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းတို့ ကချင်ပြည်နယ် ဗန်းမော်မြို့ အော်တိုအိတ်ချိန်းရုံး၏ D-AMP ဆဲလ်လူလာ တယ်လီဖုန်းစနစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဆက်သွယ်ရေး)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် ၁၅၃ လမ်းနေ ဗိုလ်မှူးကေသန်းထွန်း(ငြိမ်း)-ဒေါ်အေးအေးမြ၊ သား ဒေါက်တာနေမျိုးထွန်း၊ ဦးမျိုးမင်းထွန်း မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဗုဒ္ဓဒေသနာသင်တန်းနှင့် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ ပဓာနနာယက ဆရာကြီး ဦးငွေအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဗုဒ္ဓဒေသနာသင်တန်း (ပထမပိုင်း)ကို ဧပြီ ၁ ရက်မှ ဧပြီ ၁၀ ရက်အထိ၊ (ဒုတိယပိုင်း)ကို ဧပြီ ၂၀ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၇ နာရီခွဲမှ ၉ နာရီ ၁၅ မိနစ်အတွင်း ပို့ချ၍ သင်္ကြန်တရားစခန်း ငါးရက်ကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိနှင့် ဗုဒ္ဓနည်းနာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်းကို မေ ၂ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏောဓမ္မဗိမာန်၌ ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၃၈၇၃၆၁ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်းမ မိုးကုတ်ဝိပဿနာအေးရိပ်သာ ကျောင်းတိုက်အဖွဲ့ခွဲ အမှတ်(၃၁၈) အတွင်း နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ၁၀ ရက်တရားစခန်းပွဲကို (၁၃၆၉ ခု တန်ခူးလဆန်း ၁ ရက်မှ ၁၁ ရက်) ဧပြီ ၆ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာနနာယက၊ ပြည်တွင်းပြည်ပသာသနာပြု ဆရာတော်ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယ)၊ (မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက်သစ္စာလေးပါး အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူယောဂီများ ဖုန်း-၅၄၅-၄၁၅ သို့ ကြိုတင်စာရင်းပေးသွင်းပြီး ဧပြီ ၆ ရက် ညနေ ၅ နာရီအရောက် လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ်(၁၀၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

သက်ဦးနိုင်(မြဝတီ)၊ ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ထွန်းထွန်း(သာယာဝတီ)၊ အောင်ထွန်းလင်း(ချောက်)၊ ချွန်းသာ၊ မောင်ဘုန်းဝေ(တောင်ကုတ်)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ ရွှေအဲ့လေးငယ်၊ ကိုစိုင်းထက်မြက်သိမ်း၊ မင်းနီခိုင်(မောင်းတော)၊ တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်မောင်မောင်လှိုင်၊ လှိုင်မြင့်ဦး၊ မအေးငြိမ်း(ပခုက္ကူ)၊ ဖိုးသား(ဟိုပင်)၊ ညွန့်သစ္စာ၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ ကိုဇော်ဝင်း(လှတော)၊ တင်အောင်သွင်၊ ဒေါက်တာလှဖေ၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဆရာဓမ္မပါလ၊ ရွှေကြာမောင်(တောင်တွင်း)၊ မောင်ရွှေပြည့်(စစ်တွေ)၊ ဦးကျော်စိန်(မန္တလေး)၊ အရှင်ရေဝတ(သရက်ကောင်း)၊ မောင်မောင်ကျော့(ပလက်ဝ)၊ မာယုလှိုင်(ကျောက်တော်)၊ စေတနာလှိုင်(ရေစကြို)၊ သာနိုင်အောင်(ကျိုက်မရော)တို့၏ ဆောင်းပါးများ၊ သောကြာမောင်ကလေး၊ မောင်လူဝေးတို့၏ ပုံပြင်များ၊ မိုးပွင့်အေး(မန္တလေး)၊ ဝေလွင်မြင့်အောင်၊ ဘိုမျိုး(ရွှေဘို)၊ ဇော်ကိုကို(မြန်မာစာ)၊ ပွင့်မွှန်မွှန်သိမ်း၊ သုခထွေး(တောင်တွင်းကြီး)၊ ကေတုနီလာ၊ ပန်းတနော်နောင်လတ်၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ၊ သတ်ပုံကဗျာများဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်-၅၂၉/၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) အလက(၁)ရန်ကင်းရှေ့ ဖုန်း-၇၂၅၅၃၀ နှင့် ရန်ကုန်၊ မန္တလေးနှင့်အခြားမြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖွင့်ပွဲအခမ်းအနား မင်္ဂလာမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် ပလရ-ပြည်တော်သာ-ပေါက်ကုန်း ကျေးရွာချင်းဆက် "ဝါယာလက်-ရွှေနှင်းဆီ" ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေး(ပလရ)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စိန်က စာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးရီထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ဦးအောင်သိန်းလင်းက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ "ဝါယာလက်-ရွှေနှင်းဆီ" ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၃၉၆၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မဖြစ်ပြီး အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီးကို ကန့်လန့်ဖြတ်ပေါင်းကူးဆက်သွယ်ပေးထားသည့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသောလမ်းဖြစ်သည်။

ယခင်က အောက်ခံမြေသားဂဝံလမ်းဖြစ်ပြီး ယခုကတ္တရာလမ်းအဖြစ် ဖောက်လုပ်အဆင့်မြှင့်တင်နိုင်ခဲ့၍ အဆိုပါ ကတ္တရာလမ်းသစ်မှ နေ့စဉ်ရပ်ကွက်နေပြည်သူ ၂၀၀၀ ကျော်နှင့် ယာဉ်အစီးရေ ၁၀၀ ကျော်တို့သည် အချိန်တိုကာလအတွင်း သက်သောင့်သက်သာသွားလာနိုင်မည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားကျင်းပ မြန်နှုန်းမြင့် ဖိုင်ဘာဆက်ကြောင်း ၁၂ ခု မဲခေါင်ဒေသ ဖြတ်ကျော်တည်ဆောက်မည်

နေပြည်တော် မတ် ၂၅

မဲခေါင်ဒေသ ခြောက်နိုင်ငံ၏ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်းစီမံကိန်းအရ ဆောင်ရွက်ခဲ့သည့် မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက်နံနက် ၉နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ မူဆယ်ခရိုင်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံ တိုင်းရင်းသားများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information & Industry မှ Deputy General Director Mr. Qian Tingshuo နှင့် အဖွဲ့ဝင်များ၊ ASB, China Telecom နှင့် Yunnan Telecom တို့မှ တာဝန်ရှိ

သူများ တက်ရောက်ကြသည်။ မဲခေါင်ဒေသ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ၂၀၀၄ခုနှစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော ဝန်ကြီးအဆင့်အစည်းအဝေးအပြီးတွင် MoU လက်မှတ် ရေးထိုးခဲ့ပြီး စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုစီမံကိန်းအရ မြန်နှုန်းမြင့် ဖိုင်ဘာဆက်ကြောင်း ၁၂ခုကို မဲခေါင်ဒေသ အတွင်းနိုင်ငံများ၏ နယ်နိမိတ်များကို ဖြတ်ကျော် တည်ဆောက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအပိုင်းတွင် မြန်မာ-တရုတ် ဖိုင်ဘာဆက်ကြောင်းနှင့် မြန်မာ-ထိုင်း ဖိုင်ဘာဆက်ကြောင်းနှစ်ခု အပါအဝင်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information & Industry မှ Deputy General Director Mr. Qian Tingshuo တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ဆက်ကြောင်းပေါ်မှ အသုံးပြုထားသော အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဝန်ဆောင်မှုများ၊ Internet သုံးစွဲမှုများ၊ Video Conferencing အသုံးပြုမှုများကို လက်တွေ့ သုံးစွဲကြည့်ရှုကြပြီး မူဆယ်မြို့ အော်တိုအိတ်ချိန်းရုံးရှေ့ မြေကွက်လပ်တွင် အမှတ်တရသစ်ပင် စိုက်ပျိုးကြသည်။

ယခုဖွင့်လှစ်သည့် ဖိုင်ဘာဆက်ကြောင်းပေါ်တွင် Bandwidth Capacity STM-64 (10Gb) အသုံးပြုနိုင်ပြီး အရံဆက်ကြောင်းအနေဖြင့် Micro Link ပေါ်တွင် STM-16 (2.5Gb) အသုံးပြုနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားသာမက မဲခေါင်ဒေသ ခြောက်နိုင်ငံစလုံးနှင့် နိုင်ငံတကာ တယ်လီဖုန်းလိုင်းသာမက အင်တာနက်နှင့် အခြားသတင်းအချက်အလက် ဝန်ဆောင်မှုများကို မြန်နှုန်းမြင့် ဆက်သွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်း ဖွင့်ပွဲအခမ်းအနားကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေ မန်နေဂျာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Information & Industry မှ Deputy General Director Mr. Qian Tingshuo တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

မြန်မာအိုင်စီတီနည်းပညာပြပွဲ e Trade Myanmar မှ SMS ဝန်ဆောင်မှုစတင်

ရန်ကုန် မတ် ၂၅

e Trade Myanmar Co.,Ltd. မှ မြန်မာအိုင်စီတီနည်းပညာပြပွဲတွင် အီးမေးလ်နှင့် အင်တာနက်ဝက်ဘ်ဆိုက်မှ GSM ဖုန်းများသို့ SMS ပို့သော ဝန်ဆောင်မှုကို Pre Paid Card စနစ်ဖြင့် စတင်မိတ်ဆက်ရောင်းချမည်ဖြစ်ပြီး ပြပွဲကျင်းပရာ တပ်မတော်ခန်းမနှင့် GSMဖုန်း အသုံးပြုနိုင်သည့် မြို့များရှိ GSMဆိုင်နှင့် အင်တာနက်ကဖေးများတွင် ရယူနိုင်ပြီဖြစ်သည်။

သုံးစွဲသူကိုယ်တိုင် www.etmsms.com/Register.aspx တွင် မိမိ Accountကိုရယူနိုင်သည်။အသေးစိတ်အချက်အလက်များကို www.etmsms.com တွင် ကြည့်ရှုနိုင်သည်။

မြန်မာအိုင်စီတီ နည်းပညာပြပွဲ ၂၀၀၈ အထိမ်းအမှတ်အဖြစ် ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် Website အခမဲ့နှင့် အခြားပုဂ္ဂလိကလုပ်ငန်းများအတွက် Domain Name တစ်နှစ်စာပေးသွင်း၍ Web Page သုံးမျက်နှာ အခမဲ့ရေးဆွဲ လွှင့်တင်ပေးခြင်းအပြင် GSM မှ E-mail သို့ SMSပို့ခြင်း၊ ရွှေဈေးနှင့် နိုင်ငံတကာငွေ လဲလှယ်နှုန်းထားများ၊ လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းသတင်းများကို ပြပွဲကာလအတွင်း GSM ဖုန်းနံပါတ်ပေးရုံဖြင့် အခမဲ့ သုံးရက် စမ်းသပ်သုံးစွဲနိုင်မည်ဖြစ်သည်။

e Trade Myanmar Co.,Ltd. သည် စီးပွားရေးသတင်းများ၊ ဈေးနှုန်းများကို အင်တာနက် ဝက်ဘ်ဆိုက်ပေါ်တွင် လည်းကောင်း၊ GSM ဖုန်းမှ SMS စနစ်ဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများကို ဝက်ဘ်ဆိုက်များ ရေးဆွဲပေးခြင်း၊ အပတ်စဉ် ဂျာနယ်များဖြစ်သော Premier Eleven နှင့် First Eleven ဂျာနယ်များ၊ Weekly Eleven၊ လျှပ်တစ်ပြက်ဂျာနယ်တို့၏ သတင်းများကို အင်တာနက်ပေါ်တွင် လွှင့်တင်ပေးလျက်ရှိသည်။

အသေးစိတ် အချက်အလက်များကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက် အဆောင်(၄) အခန်း(၈) ဖုန်း-၀၁-၆၅၂၂၈၃၊ ၅၀၇၁၅၃၊ ၄၄၁၀၉၀၉၊ ၀၉-၅၁၄၈၆၂၆၊ Email-info @ etrademyanmar.com၊ www.etrademyanmar.netနှင့် မန္တလေးရုံးခွဲ အဆောင်(၃)၊ အခန်း-၂/၃၊ ဒုတိယထပ်၊ ၃၂လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ဖုန်း ၀၂-၇၃၄၁၇၊ ၀၉-၅၁၉၅၂၂၂ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအိုင်စီတီ နည်းပညာပြပွဲတွင် e Trade Myanmar Co., Ltd မှ SMS ဝန် ဆောင် မှု စတင် မိတ်ဆက် ရောင်းချစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မတ်လဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ် (၁၃)ဖြန့်ချိ

ရန်ကုန် မတ် ၂၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃)တွင် အေပီသတင်းအတုလုပ်ကာ မေဆွိသေပြီဟု ကောလာဟလ ထုတ်လွှင့်ခြင်းအပေါ် မေဆွိနှင့်ခင်ပွန်းသည်တို့က အီးမေးလ်မှတစ်ဆင့် ရှင်းလင်းချက်ပေးပို့၊ လူနှင့်မိကျောင်း တွဲဖက်သရုပ်ပြဖျော်ဖြေနိုင်ရန် စီစဉ်နေ၊ ဒဂုံစင်တာတွင် ပိုင်ရှင်ကိုယ်တိုင် စူပါမားကက်ဖွင့်မည်၊ အေဒီရှစ်ရာစုမှ တစ်ဆယ့်နှစ်ရာစုအတွင်း ပါဒခေတ်လက်ရာဟန် အုတ်ခွက်ဘုရား လှိုင်မိုးတွေ့ရှိခဲ့၊ ကွန်ဒိုမီနီယံတိုက်ခန်းဈေးကွက်ကျဆင်းနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တင် သင်္ဘောများတွင် ကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် သင်တန်းပေးနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ယုံကြည်မှုကို အလွဲသုံးစားလုပ်လျှင် ဥပဒေအရ ခံယူရမည့်ပြစ်ဒဏ်၊ အလုပ်နှင့်ပညာရေးလမ်းညွှန် **"စင်ကာပူ ဆိပ်ကမ်း ကွန်တိန်နာယာဉ်မောင်းလိုလျှင်---"**၊ ဝမ်းအိုဝမ်း ကျော်ဝင်းမောင်၏ ကိုယ်တွေ့ဖြစ်ရပ် သမိုင်းစာမော်ကွန်း ဘယ်ပန်းသာလို့ယဉ်ပါသလဲ ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

"ရှိလာကိုစတာ စီးရသလိုမျိုးလို့ ကျွန်မသိနေခဲ့ပေါ့" ဆီးနိတ်တာ ဟီလာရီကလင်တန်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ပါကစ္စတန်ပြည်သူပြည်သားများ၏ သူရဲကောင်း နိုင်ငံရေးအင်အားစုများ၏ ဆန့်ကျင်ဘက်မူရှာရက်ဖ်၊ အရပ်ပုသူများက မနာလိုစိတ် အများဆုံးပိုဖြစ်တတ်၊ အင်္ကျီကို ဖောက်ထွင်း၍ အတွင်းသို့ဝင်နိုင်သည့် ကင်မရာတစ်မျိုးတီထွင်၊ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးများ အခွင့်အရေးတန်းတူညီမျှမရရှိသေး၊ အိန္ဒိယတွင် မျက်နှာနှစ်ဖက်၊ ပါးစပ်နှစ်ပေါက်၊ မျက်စိလေးလုံးပါသော ကလေးငယ်တစ်ယောက်မွေးဖွား၊ မတော်တဆဖြစ်ရပ်တစ်ခုက ပေါင် ၈၀၀ရှိ လူဝကြီး၏ အိပ်မက်ကို ဖျက်ဆီးစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာပြည်တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၂၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၃၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၄၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၅၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၁၅** ၁၂။ **ကာတွန်းအစီအစဉ် - ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၃)**
- **၆:၃၀** ၁၃။ **(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု အစီအစဉ် -သစ္စာမော်ကွန်း(ပထမပိုင်း) သူထူးစံ၊ ပြေတီဦး၊ မင်းဟိဏ်း၊ သားညီ၊မင်းသစ္စာ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး၊ ဒါရိုက်တာ-ညိုမင်းလွင်**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် -သစ္စာမော်ကွန်း(ဇာတ်သိမ်း) သူထူးစံ၊ ပြေတီဦး၊ မင်းဟိဏ်း၊ သားညီ၊မင်းသစ္စာ၊ သက်မွန်မြင့်၊ ချစ်စနိုးဦး၊ ဒါရိုက်တာ-ညိုမင်းလွင်**
- ၂၀ ။ သင့်အတွက်မနက်ဖြန်
- ၂၁ ။ အပိတ်နှုတ်ဆက်စကား
- ၂၂ ။ ပြီးပါပြီ။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုတို့က အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းမိသားစုတို့က ဒဂုံမြို့နယ် ကျောင်းတိုက်အသီးသီးမှ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရံသီအိမ်တော်ရာစေတီအနီးရှိ ဒဂုံပရိယတ္တိစာသင်တိုက် ရွှေဘုံသာသိမ်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တမာမကထံမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဇနီးနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် တိုက်အုပ်ဆရာတော်ထံမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဇနီးနှင့် ဝန်ထမ်းမိသားစုများက ရေစက်ချ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းမိသားစုတို့က ဒဂုံမြို့နယ် ကျောင်းတိုက်အသီးသီးမှ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း တို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းမိသားစုများက ဒဂုံမြို့နယ် ကျောင်းတိုက် အသီးသီးမှ အစိုးရပါဠိပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မှန်နန်းပရိယတ္တိ(ပဋိပတ္တိကျောင်း) တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

ဟင်္သာတမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၅၀၃)၏ တာဝန်ခံ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ ကောသလ္လသိရီသည် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် မန္တလေးလမ်း အရှေ့ပိန္နဲကုန်း ကျောင်းတိုက် မှန်နန်းပရိယတ္တိ၊ ပဋိပတ္တိကျောင်း၌ တန်ခူးလဆန်း ၆ ရက်မှ ၁၂ ရက်၊ (နှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ အဂ္ဂမဟာ ပဏ္ဍိတ၊ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားစခန်းပွဲ ကျင်းပမည် ဖြစ်ပါ၍ စခန်းဝင်ယောဂီများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ကုသိုလ် ပါဝင်လိုသော ပုဂ္ဂိုလ်များသည် ဖုန်း– ၃၉၃၂၆၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၃–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"သေခြင်း၏တရားခံအဝိဇ္ဇာ"တရားတော် (ပြည်တွင်း၊ပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀–၂း၀၀	Industrial Talk [ဦးမြင့်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၀–၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅–၂း၅၅	လောကကိုအလှဆင်ခြင်း
၉း၂၀–၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀–၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅–၃း၃၅	Midweek Sports News
၉း၅၀–၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	တစ်ကွင်းတစ်စပ်မြစ်ရေတင်လုပ်ငန်းများ
၁၀း၁၀–၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅–၄း၁၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၁၀း၂၅–၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀–၄း၃၀	လေ့လာသင်ကြား(Hotel လုပ်ငန်းများ)
၁၀း၅၀–၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	နတ်မောက်စက်မှုလက်မှု အထက(၁)ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၁၁း၁၅–၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀–၅း၂၀	ဆရာတော်အရှင်ဆန္ဒာဓိကဦးဆောင်သည့် ရွှေပါရမီအဖွဲ့သွေးလှူဒါန်းပွဲ
၁၁း၄၀–၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅–၅း၄၅	တိုင်းရင်းဆေးပညာရှင်များ၏ဝိဇ္ဇာဓရနယဆေးပညာဆွေးနွေးပွဲ
၁၂း၁၀–၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅–၆း၁၅	International Video Topics (ကမ္ဘာ့အရှည်ဆုံးကြိုးတံတား)
၁၂း၄၀–၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅–၆း၄၅	Activities In The City
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု နှစ်ဆယ်ရာစု စာဆိုစစ်သည်များစာအုပ် ထုတ်ဝေ



ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံတွင် နှလုံးရည်နှင့် လက်ရုံးရည်ပြည့်ဝသော စာဆိုစစ်သည်များရှိခဲ့သည်။ ကိုလိုနီနယ်ချဲ့လက်အောက် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလများမှသည် ယနေ့မျက်မှောက်ခေတ်တိုင်အောင် တွေ့ကြုံခဲ့ကြသည့် ခေတ်သမိုင်းအဆက်ဆက်ကို စာပေ၊ လင်္ကာ၊ ကဗျာ၊ ဝတ္ထုအစုစုတို့ဖြင့် မှတ်တမ်းပြုစုခဲ့ကြသော တပ်မတော်သား စာရေးဆရာများကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက **"နှစ်ဆယ်ရာစု စာဆိုစစ်သည်များ"** စာအုပ်အဖြစ် စီစဉ်ထုတ်ဝေလိုက်သည်။ **(ဓါတ်ပုံ)**

အဆိုပါစာအုပ်တွင် တပ်မတော်သား စာရေးဆရာ ၁၀၈ ဦး၏ အတ္ထုပ္ပတ္တိနှင့် ၎င်းတို့ရေးသားပြုစုခဲ့ကြသော စာစုစာရင်းများအား စုစည်းဖော်ပြ၍ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စီစဉ်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

ယင်းစာအုပ်ကို စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာပေနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

CICT Diploma သင်တန်းများနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၅

Myanmar Information Technology Pte, Ltd. က ကြီးမှူးကျင်းပသည့် CICT Diploma သင်တန်းများနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel, Grand Ballroom ၌ ကျင်းပသည်။

ရှေးဦးစွာ Myanmar Information Technology Pte, Ltd. မှ ဒါရိုက်တာ ဦးအောင်စိုးသာက အဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ Cambridge ICT For All မှ Business Operation ဒါရိုက်တာ Ms. Olivia က CICT Diploma သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Myanmar Information Technology Pte, Ltd.Senior Project မန်နေဂျာ ဒေါ်လဲ့မွန်ဝင်းက သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားမည့် နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Myanmar Information Technology Pte, Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းသူရသက်က Industry Oriented Aspect of Cambridge ICT နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

မလေးရှားနိုင်ငံ Cambridge ICT For All မှ ချီးမြှင့်မည့် အဆိုပါ CICT Diploma များသည် Industry Oriented ပုံစံဖြင့် သင်ကြားပေးမည်ဖြစ်ပြီး Diploma သင်တန်းပြီးမြောက်သူများသည် လက်တွေ့လုပ်ငန်းခွင်များတွင် ကျွမ်းကျင်၍ အရည်အချင်း ပြည့်ဝသော "Software Engineer"များအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များတွင်လည်း IT နှင့် ပတ်သက်သော Bachelor Degree များကို ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။ CICT Diploma in Software Engineering နှင့် CICT Diploma in Business IT စသည့် Diploma Course များကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် Myanmar Information Technology Pte, Ltd. က တာဝန်ယူ ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။

CICT Diploma သင်တန်းများကို ၂၀၀၈ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၁၁၂)၊ အခန်း(၁၁)၊ (၁၂) (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

CICT Diploma သင်တန်းများနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲ တွင် မလေးရှားနိုင်ငံ Cambridge ICT For All မှ Business Operation ဒါရိုက်တာ Ms. Olivia ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လျှော်ကားဥယျာဉ် အချိန်တိုးမြှင့်ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၅

သစ်တောဦးစီးဌာန လျှော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန်နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် မတ် ၂၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကျီးနီချောင်ကျေးရွာရှိ ကျီးနီချောင်တိုက်နယ်ဆေးရုံ ခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ခရမ်းမြို့နယ် ကျီးနီချောင်တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ယူတည်ဆောက်ပြီးစီးနေပြီ ဖြစ်သည့် ကျီးနီချောင်တိုက်နယ် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်း–ကန်ညီနောင်–ကန်ဘဲ့ ကျေးရွာချင်းဆက် မြေသားလမ်း အရှည်ပေ ၂၈၅၆၀ ဖောက်လုပ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၀ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်၊ မဟာသိပ္ပံပရိယတ္တိစာသင်တိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ်(၄)နှင့် ပရဟိတကျောင်း၌ ပညာသင်ကြားနေကြသော နယ်စပ်ဒေသများမှ တိုင်းရင်းသားပေါင်းစုံကျောင်းသားကလေးငယ်များအတွက် DORVAL KAIUNK.K J.S.M Shipping Co., Ltd မှ ဦးနိုင်အောင်ထွေး ဦးဆောင်သော သင်္ဘောသားများက အလှူငွေကျပ် ၄၆၇၀၀၀ ကို ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး တွေ့ရစဉ်။ (၅၀၆)

အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာအမျိုးသမီးအသင်း ထွက်ခွာ

ရန်ကုန် မတ် ၂၅

၂၀၀၈ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် မတ်၂၂ရက်နံနက်၁၀ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် ဆွေမျိုးမိတ်ဆွေများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

မြန်မာအမျိုးသမီးအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဦးတင်မြင့်အောင်၊ လ/ထ နည်းပြ ဦးစိုးမိုးနှင့် ဦးမျိုးချစ်၊ ဆရာဝန် ဒေါက်တာကျင်စန်း၊ သူနာပြု ဒေါ်သီတာဦး၊ အားကစားသမားများအဖြစ် ဂိုးသမား မေခင်ယမင်း၊ သင်းသင်းစိုး၊ မြဖူးငုံ၊ နောက်တန်း မြင့်မြင့်အေး၊ စန်းစန်းမော်၊ သီရိမြတ်၊ စုစုဝေ၊ သီတာဦး၊ နေဇာလင်းအောင်၊ မေသူဝင်း၊ မိုးမိုးဝါ၊ စန်းစန်းသိန်း၊ အလယ်တန်း–နီလာမြင့်၊ သန်းသန်းထွေး၊ ခင်မိုးဝေ၊ နန်းကြေငုံ၊ အေးနန္ဒာလှိုင်၊ စန်းယုနိုင်၊ ရှေ့တန်း မိုင်နီလာထွေး၊ ခင်မာလာထွန်း၊ မာဂရက်မေရီ၊ နန်းခမ်းမိုနှင့် မူမူလွင် စုစုပေါင်း ၃၀ လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်

အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲများကို မတ် ၂၄ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့နှင့် ထိုင်းနိုင်ငံ နောင်ခွန်ရတ်ချာစမာမြို့တို့တွင်အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (က)အုပ်စုတွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယ တို့ပါဝင်ပြီး ထိုင်းနိုင်ငံ၌ ကျင်းပမည့် (ခ)အုပ်စုတွင် ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ ပါဝင်ကြသည်။ (ကြေးမုံ)

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ လိုက်ပါ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၅

ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မတ် ၁၈ ရက်တွင် စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်း တိုင်းဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ ဇောတိကအမှူးပြုသော သံဃာတော်ငါးပါးအား အရဏ်ဆွမ်းများဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် စက်ရုံမှူး ဦးသန့်ဇင်ဆွေက အမှာစကား ပြောကြားပြီး ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း သင်တန်းထူးချွန်သူများ၊ လုပ်ငန်းထူးချွန်သူများ၊ ခွင့်ရက်မပျက် ထူးချွန်သော ဝန်ထမ်း ၁၀၉ ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ထမ်းအိပ်ဆောင် ၁၁ ဆောင်တွင် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြား ဖမ်းစက် ၁၁ လုံးချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား ၂၁လက်မရောင်စုံ တီဗွီ၊ ဒီဗွီဒီစက်၊ စက်ဘီးများ၊ ထမင်းပေါင်းအိုးများနှင့် အခြားအသုံးအဆောင်ပစ္စည်းများအားကံစမ်းမဲဖောက်၍ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းများအား နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သင်္ကြန်တွင်းအထူးတရားစခန်း

နေပြည်တော် မတ် ၂၅

နေပြည်တော် ပျဉ်းမနား ပန်းခင်းရပ်ကွက်၊ ပရိယတ္တိပဒေသာပင် ဦးဗုဒ္ဓေါတောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဧပြီ ၁၁ ရက်မှ ၂၀ရက်အထိ သင်္ကြန်တွင်း အထူးတရားစခန်းပွဲကို ကျင်းပမည်ဖြစ်ပြီး မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယအဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ ကိုယ်တိုင် အာနာပါန သတိပဋ္ဌာန် ဝိပဿနာ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများအနေဖြင့် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဖုန်း–၀၆၇–၂၂၂၂၄ တွင် စာရင်းပေးသွင်းနိုင်ကြောင်း၊ စာရင်းပေးသွင်းပြီး ယောဂီများသည် ဧပြီ ၁၀ရက် ညနေ ၅နာရီအရောက်လာရမည် ဖြစ်ကြောင်း ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့ကန္နီးဆော်ဖိတ်ကြားထားကြောင်းသိရသည်။ (က–ပ)

သီတဂူ ရေအလှူတော် အထူးတရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

အရှင်ပညာသာရ နှင့် ဘိုးဘွားမိဘတို့အား အမှူးထား၍ ဦးမြင့်ဆွေဦး–ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး မိသားစုတို့၏ တတိယအကြိမ်မြောက် သီတဂူရေအလှူတော်ပွဲကြီးကို ဧပြီ ၂ရက်တွင်ဓမ္မဒူတအရှင်ဝိမလသာသနဓဇ ဓမ္မာစရိယ (တောင်စွန်း)၊ ဧပြီ ၃ ရက်တွင် သီတဂူ ဒေါက်တာ အရှင်ဣန္ဒက M.A. Ph.D.,(B.H.U) ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ဧပြီ ၄ ရက်တွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt.,Ph.D) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ဧပြီ ၅ရက်တွင် သီတဂူ ဒေါက်တာ အရှင်ကိတ္တိဗလ ပါမောက္ခ သီတဂူသာသနာပြုဗိမာန်၊ ဧပြီ ၆ရက်တွင် အရှင်အာစာရ လက်ာရ ကိုးဘွဲ့ရ စစ်ကိုင်းရွှေဟင်္သာတို့က ညစဉ် ၇ နာရီတွင် ပေါ်တော်မူဘုရားဝင်း ဗဟိုလမ်း၊ (၂) ရပ်ကွက် သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်၌ ငါးရက်တိုင်တိုင် တရားတော်များဟောကြားမည်ဖြစ်သည်။ အလှူငွေများကို ဦးမြင့်ဆွေဦး–ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး အမှတ် ၁၀ ဦးအောင်ဘွင့်လမ်း ၂ ရပ်ကွက် (သမိုင်း) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း –၆၆၃၀၄၂၊ ၀၉–၈၀၃၁၆၈၄နှင့် ၀၉–၅၁–၇၁၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၆၂)ကြိမ်မြောက် သင်္ကြန်တွင်းတရားစခန်းပွဲကို ဧပြီ ၁၀ ရက်(ကြာသပတေးနေ့) ညနေအရောက် ယောဂီများလာကြရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ– မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သင်္ကြန်တရားစခန်းနှင့်ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဇရပ်ကုန်းကျေးရွာ ချမ်းသာကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိက ကြီးမှူးကျင်းပသော မိုးကုတ်ဝိပဿနာ တရားစခန်းပွဲနှင့် ဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၂ရက်မှ ၁၆ရက် အထိ ဖွင့်လှစ်မည် ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးဖေအောင်ကဟောကြားပြသမည်ဖြစ်ရာ ဧပြီ ၁၁ရက် (သောကြာနေ့) ညနေ ၅ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က–ပ)

မိုးကုတ်ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တပရမ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကံဘဲ့ဘုရားလေးကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တအဂ္ဂဉာဏက ဟောကြားပြသမည်ဖြစ်ရာ မတ် ၃၀ရက် (တနင်္ဂနွေနေ့)ညနေ ၅ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က–ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်

လူမျိုးတစ်မျိုး သို့မဟုတ် လူမျိုးတစ်မျိုးထက်ပိုပြီး စုစည်းနေထိုင်ကြကာ နိုင်ငံအဖြစ် တည်ထောင်မိကြသည်နှင့် မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသူ နိုင်ငံသားများကို တခြားတစ်ပါးမှ ကျူးကျော်တိုက်ခိုက်ခြင်း မခံရရန်၊ လုံခြုံအေးချမ်းရန် ကာကွယ်ပေးမည့် လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းထားကြရသည်။ စစ်တပ်ဟုခေါ်ခေါ် တပ်မတော်ဟုခေါ်ခေါ် နိုင်ငံကို ကာကွယ်စောင့်ရှောက်ပေးသည့် လက်နက်ကိုင်တပ်များသည် ခေတ်ကာလအလိုက်၊ ဒေသအလိုက် ပုံစံအမျိုးမျိုးဖြင့် ရှိနေခဲ့ကြသည်။

တုတ်၊ ဓား၊ လှံ၊ လေးမြားခေတ်ကလည်း နိုင်ငံကိုကာကွယ်သော တပ်မတော်၊ တစ်လုံးထိုးသေနတ်၊ တူမီးသေနတ်ခေတ်ကလည်း ကာကွယ်ရေးတပ်မတော်၊ မောင်းပြန်ရိုင်ဖယ်၊ စက်သေနတ်၊ အမြောက်ခေတ်တွင်လည်း တပ်မတော်၊ ယခုကဲ့သို့ သူ့ထက်ငါအဆင့်မြင့်၊ အစွမ်းထက်သော လက်နက်များခေတ်တွင်လည်း ခေတ်မီ၊ ခေတ်သစ်တပ်မတော်များ နိုင်ငံတိုင်းတွင် ရှိကြသည်။

စစ်တပ်များကို သရုပ်ခွဲကြည့်လျှင် အမျိုးသားကာကွယ်ရေးတပ်မတော်က အများစုဖြစ်သည်။ ငွေကြေးအသပြာ၊ တံစိုးလက်ဆောင်၊ အဖိုးအခပေးငှားတိုင်း လိုက်တိုက်ပေးသော ကြေးစားစစ်တပ်များလည်း ရှိ၏။ ယင်းကြေးစား(အငှားလိုက်)စစ်တပ်များအတွက် ကြေးစားစစ်သား အလိုရှိကြောင်း စာနယ်ဇင်းများ၌ ကြော်ငြာသည်ကို ကျွန်ုပ်တို့ မကြာခဏ သတိပြုမိ၊ ဖတ်မိခဲ့ရ၏။ ထိုကြေးစား စစ်တပ်များသည် မိမိ အမိမြေကို ကာကွယ်ပေးရန်မဟုတ်ဘဲ ငွေကြေးအဖိုးအခပေးငှားသူများ၊ လက်ညှိုးထိုးပြသူများ၊ အထူးသဖြင့် ကြေးစားတပ်တည်ထောင်သူများ ပစ်မှတ်ထားခံရသည့် နိုင်ငံများကို ဝင်တိုက်ပေးရခြင်းဖြစ်သည်။

ခါးပိုက်ဆောင်တပ်ဟူ၍လည်း ရှိပြန်သေး၏။ ပါတီတစ်ခု၊ အာဏာရနိုင်ငံရေးအဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သာလျှင် လက်နက်ကို အသုံးချတိုက်ခိုက်ပေးသော တပ်ဖွဲ့မျိုးဖြစ်သည်။ ခါးပိုက်ဆောင်တပ်သည် နိုင်ငံနှင့်လူမျိုးကို ကာကွယ်မပေးသည့်အပြင် လက်ညှိုးညွှန်ပြီးခိုင်းလျှင် အများပြည်သူကိုပင် အကြမ်းဖက် တိုက်ခိုက်ပေးတတ်သည်။ ကြေးစားတပ်များနှင့် မကွာခြားလှပေ။

လက်နက်၊ လူသူစစ်အင်အားများပြားပြီး မသမာလောဘစိတ်မွန်ထူနေသော နိုင်ငံကြီးအချို့သည် အမျိုးသားကာကွယ်ရေးတပ်မတော်မျိုးထက် သူများနိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ကာ နယ်ချဲ့အဆီစုပ် ကုပ်သွေးစုပ်အမြတ်ထုတ်ကြသော နယ်ချဲ့စစ်တပ်များအဖြစ် ဖွဲ့စည်းအသုံးပြုလျက်ရှိကြသည်။ ရှေးက နေမဝင်အင်ပါယာခေါ် ကမ္ဘာ့နိုင်ငံအမြောက်အမြားကို ကျူးကျော်သိမ်းပိုက်ကုပ်သွေးစုပ်သော နယ်ချဲ့လက်နက်နိုင်ငံကြီးများ တည်ထောင်ခဲ့ကြသည်။ ယနေ့တိုင်လည်း ထိုနယ်ချဲ့စစ်တပ်များသည် နိုင်ငံခြောက်ဆယ်ခန့်ကို စိုးမိုးသိမ်းပိုက်ထားကြဆဲဖြစ်သည်။ သိမ်းပိုက်ခံနိုင်ငံအများစုမှာ အမျိုးသားခုခံအားနည်းပါးလှသော ပစိဖိတ်သမုဒ္ဒရာတွင်းမှ ကျွန်းနိုင်ငံငယ်များ၊ အတ္တလန္တိတ်သမုဒ္ဒရာတွင်းမှ ကျွန်းနိုင်ငံများဖြစ်သည်။

နယ်ချဲ့ရာ၌ အကြမ်းဖက်နည်း၊ ရက်စက်ကြမ်းကြုတ်နည်းအသုံးပြုသော (ဒုတိယကမ္ဘာစစ်ကို ဖန်တီးခဲ့သော)ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံများမှ ဖက်ဆစ်တပ်များကြောင့် ကမ္ဘာ့ပြည်သူသန်း ၆၀ကျော် မရှုမလှ သေဆုံးခဲ့ရသည်။ လက်နက်ကို ဆန်းသည်ထက်ဆန်းအောင် တီထွင်လာကြရင်း

ခိုင်မျိုးစစ်

အဏုမြူ၊ ဟိုက်ဒရိုဂျင်၊ နျူကလီးယားဗုံး၊ နျူကလီးယား ထိပ်ဖူးတပ်ဒုံးပျံလက်နက်၊ ဓာတု အဆိပ်လက်နက်၊ ရောဂါပိုးမွှားများဖြင့် ပြုလုပ်သည့် ဇီဝလက်နက်များကို သုံးလာကြသည်။ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းကာလ ဂျပန်တပ်များ လက်နက်ချရန်ဟုဆိုကာ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်နိုင်ငံ အရပ်ဘက် မြို့နှစ်မြို့ဖြစ်သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များ အပေါ် အဏုမြူဗုံးနှစ်လုံး ကြဲချခဲ့ရာ အရပ်သား သုံးလေးသိန်း မရှုမလှ သေဆုံးခဲ့ရသည်။

လက်နက်ဟူသည် ကာကွယ်ရေးလက်နက်မျိုးသာ ဖြစ်သင့်ပါလျက် လူအစုအပြုံလိုက်သေစေသည့် ငရဲလက်နက်မျိုးအထိ အပြိုင်တီထွင်ထုတ်လုပ်စုဆောင်း ပြိုင်ဆိုင်လာကြသည့်အတွက် ကမ္ဘာကြီးငြိမ်းချမ်းသာယာစေလိုသော ကမ္ဘာ့ပြည်သူများမှာ နျူကလီးယားဗုံးကို ဖင်ခုထိုင်ရသည်နှင့် တူလာနေပေသည်။

မြန်မာတို့တွင် ရှေးမင်းဆက်တိုင်း၌ တပ်မတော်များ ဖွဲ့စည်းတည်ထောင်ထားခဲ့ကြသည်။ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေးခံယူချက်၊ မျိုးချစ် ပြည်ချစ်စိတ်ဓာတ်တို့ကြောင့် သူရသတ္တိပြည့်စုံသော မြန်မာစစ်တပ်များ ခေတ်အဆက်ဆက်တွင်ရှိခဲ့သည်။ ပြည်ပက နယ်ချဲ့ကျူးကျော်မှုကို မြန်မာတို့ခုခံတိုက်ထုတ်သော သမိုင်းအစဉ်အလာလည်း ကြီးမားခဲ့သည်။ အနောက်နယ်ချဲ့ နိုင်ငံများတွင် စွမ်းအားမြင့်လက်နက်ဆန်းများ တီထွင်ထုတ်လုပ်နေချိန် မြန်မာဘုရင်တို့၏ တပ်မတော်များသည် စစ်နှလုံးရည်၊ စစ်စွမ်းရည်၊ သူရသတ္တိ စွမ်းရည်၊ စစ်သေနင်္ဗျူဟာစွမ်းရည်များ ထက်မြက်ခဲ့သော်လည်း လက်နက်စွမ်းရည်၌ အားနည်းခဲ့သည်။ ထို့ကြောင့်ပင် ပင်လယ်ဓားပြများဟုတွင်သော အနောက်နယ်ချဲ့တပ်များနှင့်တိုက်ရာတွင် လက်နက်စွမ်းရည်၌ အရေးနိမ့်ခဲ့သည်။ သို့တိုင် ရွှေတိဂုံစေတီတော်မြောက်ဘက် ခြေတော်ရင်းမှ ရေကန်သည် နယ်ချဲ့သမားတို့၏ သွေးများကို ဆေးချခဲ့သည့် မြန်မာ့ဓားများ၏အစွမ်းကို ဂုဏ်တင်ကာ သွေးဆေးကန်ဟု တွင်ခဲ့သည်။

၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်များတွင် ဖြစ်ပွားသော နယ်ချဲ့တပ်များ၏ ကျူးကျော်မှုကို သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်ခဲ့သော မြန်မာတိုင်းရင်းသားစုံတို့၏ သူရသတ္တိနှင့် တိုက်စွမ်းရည်ကို နယ်ချဲ့သမားများကပင် အံ့ဩတုန်လှုပ်ခဲ့ရသည်။ ယင်းတို့၏ မှတ်တမ်းများ၌ ချီးကျူးဝန်ခံရေးသားခဲ့ကြသည်။

မြန်မာတို့သည် လွတ်လပ်ရေးရရှိအောင် နယ်ချဲ့များ၊ ဖက်ဆစ်များကို တိုက်ခိုက်ရန် စစ်ပညာနှင့် စစ်လက်နက် စုဆောင်းရင်း ခေတ်သစ်မြန်မာ့တပ်မတော်ကို ပျိုးထောင်ဖွဲ့စည်းခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ စစ်စွမ်းရည်ဖြင့် ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့သည့်နည်းတူ၊ ဖက်ဆစ်တပ်များကိုလည်း တော်လှန်တိုက်ခိုက်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)၊ မြန်မာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) မျိုးချစ်မြန်မာ့တပ်မတော်မှသည် ယနေ့ကာလ မြန်မာ့တပ်မတော်သည် အခြေအနေအချိန်အခါအရ အမည်နာမ ပြောင်းခဲ့သော်လည်း လွတ်လပ်ရေး ပြန်လည်တိုက်ယူရန်နှင့် မြန်မာ့လွတ်လပ်ရေး၊ မြန်မာပြည်ထောင်စုနှင့် မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ရန် အသက်ပေးအပ်ခဲ့သော စွန့်လွှတ်စွန့်စားတပ်မတော်၊ မျိုးချစ်တပ်မတော်၊ ပြည်သူ့တပ်မတော်အဖြစ်၊ အမျိုးသားသစ္စာစောင့်သိခဲ့သည့် တပ်မတော်အဖြစ် ရပ်တည်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်တို့က မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို အင်အားလျှော့ချစေပြီး ပြန်လည်ဖွဲ့စည်းစေခဲ့သည်။ သို့သော် မြန်မာတို့က ဖက်ဆစ်များကို တော်လှန်တိုက်ထုတ်ပြီး မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့သမားကို အချိန်မရွေးတိုက်ခိုက်နိုင်သော တပ်မတော်၊ ပြည်သူကအားပေးသော တပ်မတော်၊ အင်အားရှိသော တပ်မတော်ဖြစ်ရန် အားထုတ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အင်အားရှိအောင် ပြည်သူက အဘက်ဘက်မှ ကူညီကြစေရန် လှုံ့ဆော်သည့် တေးသီချင်းတစ်ပုဒ်လိုအပ်ခဲ့သည်။ မျိုးချစ်စိတ်ဓာတ်ရှိပြီး ဂီတပညာပြည့်ဝသော ဂီတစာဆို ရွှေတိုင်ညွန့်ထံ အဆိုပါ လှုံ့ဆော်တေး ရေးစပ်ပေးရန် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)အား စေလွှတ်ခဲ့သည်။ ထိုစဉ်က ဆရာရွှေတိုင်ညွန့်သည် နာမကျန်းဖြစ်ပြီး အိပ်ရာထဲ လဲနေခဲ့သည်။ ထိုသီချင်းသည် အရေးကြီးသဖြင့် ဖြစ်အောင် ရေးစပ်ပေးလိုက်သည်။ ယနေ့သီဆိုနေကြသည့် **"တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဆိုသောသီချင်းဖြစ်ပေါ်လာခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသော တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားအတွက်သာဖြစ်။

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့တို့က မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်လာကာ မူလနယ်ချဲ့အုပ်ချုပ်ရေးယန္တရားကို ပြန်လည်အသက်သွင်းသည်။ မြန်မာ့တပ်မတော်ကိုလည်း အင်အားချည့်နဲ့သွားအောင် လက်ျာ–ဖရီးမင်း စာချုပ်ဖြင့် လျှော့ချစေခဲ့ပြန်သည်။ လွတ်လပ်ရေးနှင့်အတူ လက်ဝဲမျိုးစုံ၊ လက်ယာမျိုးစုံ လက်နက်ကိုင်သောင်းကျန်းမှုကြီး မင်းမူလာချိန်၌ ကွန်မြူနစ် အားသန်သော တပ်မှူးကြီးများက တပ်မတော်တွင်းမှ တပ်ရင်း၊ တပ်ခွဲ အချို့ကို ခေါ်ပြီး တောခိုသွားကြပြန်၏။ အာဏာရ ဖဆပလအစိုးရအား တပ်မတော်က သောင်းကျန်းမှု မီးလျှံကို နှိမ်နင်းရင်း အာဏာသက် ဆက်ပေးခဲ့သည်။ **မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့သော တပ်မတော်၏သမိုင်းသည် ကောင်းမြတ်သော သမိုင်းပင်ဖြစ်သည်။**

မျက်မှောက်ခေတ်ကာလတွင် နယ်ချဲ့စစ်ပွဲ၊ ကျူးကျော်စစ်ပွဲ၊ စွက်ဖက်စစ်ပွဲ၊ ကိုယ်ကျိုးရှာစစ်ပွဲ၊ ဗိုလ်ကျစစ်ပွဲများကို ကမ္ဘာ့မြေပြင်၏ နေရာများစွာ၌ တွေ့နေကြရပေသည်။ ထိုမသမာစစ်ပွဲ(ဝါ)နယ်ချဲ့ စစ်ပွဲများကြောင့်ပင် ကမ္ဘာ့နိုင်ငံများက မိမိတို့ အမျိုးသားကာကွယ်ရေး တပ်မတော်များကို စစ်ရေးစွမ်းရည်၊ လက်နက်စွမ်းပကားများ လုံလောက်သည်အထိ တိုးမြှင့်ဖြည့်ဆည်းလျက်ရှိသည်ကို တွေ့ရပေသည်။

မြန်မာတို့သည် အတိတ်က သင်ခန်းစာကို ထုတ်ယူကာ မိမိနိုင်ငံ၊ မိမိ ပိုင်ပိုင်နိုင်နိုင် ကာကွယ်နိုင်ရန် အဘက်ဘက်မှ အင်အားဖြည့်တင်းယူရပေမည်။ ကြေးစားစစ်တပ်၊ ခါးပိုက်ဆောင်စစ်တပ်၊ နယ်ချဲ့စစ်တပ်၊ ဗိုလ်ကျလွှမ်းမိုးရေး ကျူးကျော်တပ်တို့နှင့် လားလားမျှမတူ၊ မိမိနိုင်ငံ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်သည့် တပ်မတော်အဖြစ် (ဝါ) အမျိုးသားရေးတပ်မတော်အဖြစ် အင်ပြည့်အားပြည့် တောင့်တင်းခိုင်မာစွာ ရှိနေရပေမည်။

ထို့ကြောင့်လည်း အမျိုးသားညီလာခံမှ ချမှတ်ပေးသော အခြေခံမူကြီးများဖြင့် ရေးဆွဲပြီးစီးသွားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း (၂၀၀၈)တွင် အောက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်ပေသည်–

ပုဒ်မ ၂၀(က) **"တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။"**

တပ်မတော်သည် တစည်းတလုံးတည်း၊ တညီတညွတ်တည်းရှိသော အင်အားစုကြီးဖြစ်သည့်အတိုင်း မြန်မာတို့အတွက် လွတ်လပ်ရေးကို တိုက်ယူပေးခဲ့သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်သူတို့လိုလားသော ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင် ဆောင်ကြဉ်းပေးခဲ့သည်။ ပြည်သူတို့ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားစေနိုင်မည့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။

အခြေခံဥပဒေသစ်(မူကြမ်း) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဃ)နှင့် (င)တို့တွင်လည်း ပြည်သူက အောက်ပါတာဝန်များကို တပ်မတော်သို့ အပ်နှင်းထားပေသည်–

ပုဒ်မ ၂၀(ဃ) **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။"**

ပုဒ်မ ၂၀(င) **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။"**

အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသော တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်နေခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ အကျိုးစီးပွားအတွက်သာဖြစ်**ကြောင်း ပေါ်လွင်ထင်ရှားနေပါသတည်း။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်ဖြင့်

☆ ပထမမြန်မာ မဟာဇေယျာဇ်
စစ်ရေးမက်ရေး ဘာသာရေးနှင့်
အရေးများစွာ အောင်ကာဖြေရှင်း
မင်းအနော်ရထာ။

☆ ဒုတိယမြန်မာ သာယာစည်ကား
တန်ခိုးထွားအောင် ရွယ်ဆောင်စုစည်း
စာတင်ချီးပ ဆိုရစွမ်းဆောင်
မင်းဘုရင့်နောင်။

☆ တတိယမြန်မာ ရတနာသိခ်
မည်ရကုန်းဘောင် ရန်ကြီးအောင်ရွှေဘို
မုဆိုးဖိုသား ထင်ရှားသနင်း
မင်းအလောင်းဘုရား။

☆ မြန်မာပြည်သား မင်းသုံးပါးတို့
ထားခဲ့သည့်အမွေ ဒို့မြေဒို့ပြည်
ဖွံ့ဖြိုးစည်ရန် မွေခံထိုက်သည်
ပြည်ချစ်စစ်သား တပ်မတော်သားတို့
သုံးပါးအရေး လေးထားဆောင်ရွက်
နှောင့်ယှက်ဟန့်တား အဖျက်သမားအန္တရာယ်
အသွယ်သွယ်ကို ကာကွယ်တိုက်ဖျက်
လက်ချင်းဆက်ကာ ညီညာရွက်ဆောင်
ပြည်ထောင်စုစိတ်ဓာတ် အကျင့်မြတ်ဖြင့်
မပြတ်ပုံဖော် နိုင်ငံတော်၏
ရှေ့ဆက်မည့်လမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး
မနေးအတူ ကူညီလက်တွဲ
ဆင်နွှဲပါဝင်ကြပါစို့။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

ဖိုးရန်နိုင်(ကျောက်ကြီး)

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

နေပြည်တော်လေဆိပ်

နေပြည်တော်တွင် အသစ်တည်ဆောက်ထားသည့် နေပြည်တော်လေဆိပ်။

ဖောင်တော်ကြီး ဆိပ်ခံတံတား

ရခိုင်ပြည်နယ် စစ်တွေမြို့ဆိပ်ကမ်းတွင် အသစ်တည်ဆောက်ထားသော ဖောင်တော်ကြီး ဆိပ်ခံတံတားကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**ရထားပို့ဆောင်ရေး**			
	– ရထားလမ်းခရီးမိုင်	၁၉၇၆.၃၅	၃၁၄၈.၈၆	၁၁၇၂.၅၁
	– ရထားသံလမ်းမိုင်	၂၇၉၃.၈၆	၄၂၃၀.၄၀	၁၄၃၆.၅၄
	– ဘူတာရုံ	၄၈၇	၈၀၆	၃၁၉
	– ရထားလမ်းတံတား(အကြီး)	၅၄၇	၇၃၅	၁၈၈
	– ရထားလမ်းတံတား(အသေး)	၅၁၀၃	၉၃၄၇	၄၂၄၄
၂	**လေကြောင်းပို့ဆောင်ရေး**			
	– ပြေးလမ်းပေ(၅၀၀၀)အထက်လေယာဉ်ကွင်း	၂၁	၃၈	၁၇
၃	**ရေကြောင်းပို့ဆောင်ရေး**			
	– ဆိပ်ခံတံတား(ပြည်တွင်းသင်္ဘော)	၈၆	၁၀၇	၂၁
	– ဆိပ်ခံတံတား(နိုင်ငံခြားသင်္ဘော)	၁၃	၂၉	၁၆
၄	ကားလမ်းမကြီးများတိုးချဲ့ဖောက်လုပ်မှု	၁၃၆၃၅/၀	၁၉၀၂၀/၆	၅၃၈၅/၆
၅	**တံတားများတိုးချဲ့တည်ဆောက်မှု**			
	– ပြည်သူ့ဆောက်လုပ်ရေး			
	– ပေ ၁၈၀အထက်တံတား တည်ဆောက်ပြီး	၁၉၈	၄၀၇	၂၀၉
	– တည်ဆောက်ဆဲတံတား	–	၂၄	၂၄
	– ပေ ၁၈၀ အောက်တံတား	၃၃၀၅	၅၃၇၉	၂၀၇၄
	– မြန်မာ့မီးရထား (ပေ ၁၈၀အထက်)	–	၈	၈
	– တပ်မတော်အင်ဂျင်နီယာ(ပေ၁၈၀အထက်)	–	၁၁	၁၁
	– လျှပ်စစ်စွမ်းအား(ပေ ၁၈၀အထက်)	–	၂	၂

သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတားကြီးတစ်စင်းဖြစ်သည့် သံလွင်တံတား(မော်လမြိုင်) ကို ခံ့ညားစွာတွေ့ရစဉ်။

ကူးသန်းသွားလာရေး၊ သယ်ယူ ပို့ဆောင်ရေး၊ ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးတို့ အတွက် တည် ဆောက် ပေး ထား သော ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် သန်လျင်မြို့နယ် တို့ကို ဆက်သွယ်ထား သည့် ဒဂုံတံတား။

☆ **ကျောဖုံးမှ**

ရေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင် တို့က ညောင်တုန်းမြို့ မြေသားတာများ၏ ကွဲခိုင်မှု အခြေအနေနှင့် ကျောက်စီတမံများ၊ ကမ်းထိန်းနံရံများတည်ဆောက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ညောင်တုန်းတာများ၏ အခြေအနေနှင့် မြေသားတာများ၊ ဆည်မြောင်းတာများကွဲခိုင်မှုအခြေအနေများ၊ ကျောက်စီတာရိုးများ တည်ဆောက်ထိန်းသိမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သက်ဆိုင်ရာ တာဝန်ရှိသူများအား မိုးရာသီကာလ တာများကွဲခိုင်မှုရှိအောင် ဆောင်ရွက်ရေး၊ မြစ်ရေပြန်လည်မတက်မီကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ ရေဘေးကာကွယ်ရေးတာများတည်ရှိမှုအခြေအနေ၊ ညောင်တုန်းတာကွဲခိုင်ရေးအတွက် ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ညောင်တုန်းမြို့ (၁၁)လမ်းနှင့် (၁၂)လမ်းကြား၌ တည်ဆောက်ထားသည့် ကမ်းထိန်းကျောက်စီနံရံပြုလုပ်ထားမှုနှင့် ပန်းလှိုင်မြစ်၏ ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး စီးပွားရေးလမ်းညွှန် (၂၀၀၈)စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၅



နှစ်စဉ် ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ)

ယင်းစာအုပ်တွင် မန္တလေးအပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ–ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် မြန်မာပြည်(အထက်ပိုင်း) မြို့ပေါင်း ၄၇ မြို့တို့၏ စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကိုဖော်ပြထားသောလုပ်ငန်း အမျိုးအစားခေါင်းစဉ် ၇၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၇၈၀၀၀ ကျော်တို့ကိုလည်း စုစည်းဖော်ပြထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြု လွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

မန္တလေး စီးပွားရေးလမ်းညွှန်ကို ၄/၆၊ ၂၄–၂၅ လမ်းကြား၊ ၆၂–၆၃ လမ်းကြား၊ မြစ်နန္ဒာလမ်းသွယ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၂–၇၂၂၀၀၊ ၃၈၂၂၅၊ အမှတ်–၁၄၅၊ ၃၆–လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၂၅၃၂၉၅၊ ၂၅၀၁၂၁ တို့မှ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ (၁၇)ကြိမ်မြောက် သီလရှင်ဝတ်အလှူတော်မင်္ဂလာကို မတ် ၂၃ ရက်က ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါက်တာဒေါ်သီဂီကျော်နှင့်အလှူရှင်များက သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်

၂၅–၃–၂၀၀၈

မင်းဘူး – ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ အောင်လံနှင့်

မကွေး – ၄၀ ဒီဂရီစင်တီဂရိတ်စီ (၁၀၄ဒီဂရီဖာရင်ဟိုက်စီ)

အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း (၁၀)ရက်အထူးတရားစခန်းပွဲကို ၁၃၆၉ခု တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလဆန်း ၁၅ ရက် (ဧပြီ ၁၁ရက်မှ ဧပြီ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသောပုဂ္ဂိုလ်များနှင့် တရားစခန်းဝင်ယောဂီများသည် ကြိုတင် စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး တရားစခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း–၅၄၇၀၂၈နှင့် ၀၉၅၁၄၇၃၈၂တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(က–ပ)

ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)တရားပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော်အရှင်သူမြတ်သည် မတ် ၂၈၊ ၂၉ ရက် ညများတွင်စပါးရိုကျေးရွာ ဝါးခယ်မမြို့နယ်၊ ၃၀၊ ၃၁ ရက် ညများတွင် နေပြည်တော် ပျဉ်းမနား၊ လေးအိမ်စုကျေးရွာ၊ ဧပြီ ၁ ရက်ညတွင် အလတ်ချောင်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ၂၊ ၃၊ ၄ ရက်ညများတွင် လက်ခုပ်ကုန်းဘုရားကြီးဝင်းအတွင်း ကွမ်းခြံကုန်းမြို့နယ်၊ ၅ရက်ညတွင် ကန်တော်လေး၊ မန္တလေးအထက်လမ်း နှင့် ရွှေအင်းဝဂိတ်ဆုံး၊ ၃၄ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ၆၊ ၇ ရက်ညများတွင် ဦးစိန်ကုလား၊ ဒေါ်တင်ရီပျဉ်းမကုန်းကျေးရွာ ရှင်ပြုအလှူပွဲ ခရမ်းမြို့နယ်၊ ၈၊ ၉ ရက် ညများတွင် ဦးမောင်သိန်း၊ ဒေါ်မြသွင်ရှင်ပြုပွဲ ဆင်ခြံကျေးရွာ၊ တွံတေးမြို့နယ်များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့်မည်ဖြစ်ရာ ဖုန်း–၀၁–၅၅၈၂၉၇၊ ၀၉–၅၀၃၃၅၈၁သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၈ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အစ်ဖ်တက်ကာအာမက်ချောင်ဒရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သူရဦးသက်ဦးမောင်အား ဘရူနိုင်း ဒါရုဆလမ် နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲ အပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

စိတ်ဝင်စားဖွယ် စက်ရုပ်သတင်း စုံလင်စွာဖြင့် ယခုတစ်ပတ်ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၂၅

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၃)တွင်“တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသည့် ကျောင်းသူ၊ ကျောင်းသားများ လုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ ပါဝင်သည့် သုံးသပ်ဆောင်းပါး”နှင့်အတူ မြန်မာက မဲခေါင်ဒေသနိုင်ငံများနှင့် စီးပွားရေးအဟုန် မြှင့်မည်ဖြစ်ပြီး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပညာရှင်များကသုံးသပ်၊ တစ်ကမ္ဘာလုံးရှိ စီးပွားရေးကျောင်းသားများဖြေဆိုသည့် ABE စာမေးပွဲ မြန်မာကျောင်းသားနှစ်ဦး အမှတ်အများဆုံးဖြင့် အောင်မြင်၊ မန္တလေး FM အဆောက်အအုံဒီဇိုင်း ရေးဆွဲပြီးစီး ခြောက်လအတွင်း အပြီးဆောက်လုပ်မည်၊ ရန်ကုန်–မြိတ်–ကော့သောင်းခရီးစဉ် ပုဂ္ဂလိကကုမ္ပဏီမှ ပထမဆုံးပြေးဆွဲ၊ တစ်ပတ်အတွင်း ကားဈေးကွက်အခြေအနေ၊ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ထုတ်ပေးမည့် ခပေါင်းရေအားလျှပ်စစ်စက်ရုံဖွင့်၊ ဧရာဝတီတိုင်း မအူပင်မြို့၌ သဘာဝဓာတ်ငွေ့တွင်းသစ် ထပ်မံဖော်ထုတ်၊ အင်တာနက်ဆက်သွယ်မှုပြန်ကောင်းပြီ၊ ကမ်းရိုးတန်းနှင့်ပြည်နယ်သုံးလက်ကိုင်ဖုန်းသစ်များဝင်လာပြီ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ “နွေကျောင်းပိတ်ရက်”အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာနောက်ဆုံးစက်ရုပ်သတင်းများဖြင့် ယနေ့ထွက်ရှိလာပြီ။

ကောင်းမြတ်ကျော်၏“တရုတ်ခေါင်းဆောင်မှုအသစ်နှင့် နောက်ငါးနှစ်တာစိန်ခေါ်မှုများ”နိုင်ငံ ရေးသုံးသပ်အပါအဝင်၊ ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်ပြီး တရုတ်ဝန်ကြီးချုပ် အလွန်ပူပန်နေ၊ ဂျပန်က ကာတွန်းသံတမန်ခန့်အပ်၊ ကွန်ပျူတာရှေ့ဆောင်တီထွင်သူ ဝီဇန်ဘမ်ကွယ်လွန်၊ အသက် ၈၃နှစ်အဘိုးကြီး အရိုက်ခံရမှု၊ နှစ်ခြိုက်စွာ အိပ်မပျော်ခြင်းက အမျိုးသမီးများအတွက် အန္တရာယ်များ၊ မြင်ကွင်းကျယ်ထောက်လှမ်းရေးကင်မရာ တီထွင်၊ ‘လူဆိုးကြီးဖြစ်ချင်သူက အိမ်နီးချင်းကိုယ်ဝန်ဆောင် အမျိုးသမီးကို သေနတ်ဖြင့်ပစ်သတ်’နိုင်ငံတကာမှုခင်းရေးရာ၊ ‘ပြောရဦးမယ် သူတို့ကဒီလိုတဲ့’နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ အိမ်ကွင်းမှာ ရင်ပူစရာကြုံရမယ့် လီဗာပူးလ်တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃၂)အားကစားသုံးသပ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

တတိယအကြိမ် ဓမ္မပူဇာတရားပွဲ

ရန်ကုန် မတ် ၂၅

ကျောက်တံတားမြို့နယ် ၃၈လမ်း (အောက်) ဗုဒ္ဓဝိဟာရဓမ္မာရုံမိသားစု၏ တတိယအကြိမ် ဓမ္မပူဇာတရားပွဲကို မတ် ၂၈ရက်(သောကြာနေ့) ည ၇နာရီတွင် အရှင်ဇဝန(မေတ္တာရှင်–ရွှေပြည်သာ)၊ ၃၀ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် အရှင်သီရိန္ဒာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ) ယောဆရာတော်၊ ၃၁ရက် (တနင်္လာနေ့) ည ၇နာရီတွင် ဒေါက်တာ အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်သည်။(က–ပ)

ပထမတန်းကွင်းပိတ်ရှုံး/ထွက်ဘောလုံးပွဲ အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းဗိုလ်စွဲ

ရန်ကုန် မတ် ၂၅

သတင်း –စိုးညွန့်(ကြေးမုံ)

၂၀၀၇–၂၀၀၈ဘောလုံးရာသီပထမတန်းကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီ၌ တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအား အသင်းက Air Bagan အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအား အသင်း– သုံးဂိုး

(အေးမင်းဝင်း–နှစ်ဂိုး၊ သိန်းဇော်–တစ်ဂိုး)

Air Bagan အသင်း– နှစ်ဂိုး

(ထက်ကျော်သူဝင်းနှင့် ထွန်းထွန်းနိုင်)

ဒိုင်လူကြီး – ဦးဝင်းချို

ယခုနှစ်ဘောလုံးရာသီတွင် ပထမတန်းပြိုင်ပွဲများ၌ ကွင်းဖွင့်ပြိုင်ပွဲ တွင် ဗိုလ်စွဲထားသည့် အမှတ်(၂)လျှပ်စစ်စွမ်းအားနှင့် အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် AirBagan အသင်းတို့ ဒုတိယမြောက် ဆုဖလားရရှိရေးအတွက် အကြိတ်အနယ် ကြိုးစားယှဉ်ပြိုင် ကစားကြရာ အမှတ်(၂) လျှပ်စစ်စွမ်းအား အသင်းက အချိန်ပိုတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်း အနိုင်ရရှိရေးအတွက် ခြေစွမ်းပြကစားနိုင်သည်။ Air Bagan အသင်းမှာ အမှားများပြီး ဟာကွက်များ ဖြစ်ပေါ်ခဲ့သောကြောင့် ကွင်းပိတ်ဖလားကို လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ မိနစ်၉၀ပြည့်သည်အထိ နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာတွင် လေးမိနစ်၌အေးမင်းဝင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားအတွက် အနိုင်ဂိုးကို သွင်းယူခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က အမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရရှိသည့် တပ်မတော်(ရေ)အသင်းအား ငွေကျပ် ခြောက်သိန်းနှင့် ဒုတိယဆုရရှိသည့် ဆက်/စာ/ကြေး အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ်၁၅သိန်းတို့ကိုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးတင်အောင်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆု ရရှိသည့် Air Bagan အသင်းအားဆုတံဆိပ်နှင့် ကျပ်သိန်း ၂၀၊ ကွင်းပိတ်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသည့် Air Bagan အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အမှတ် (၂)လျှပ်စစ် စွမ်းအားအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၁၀သိန်း၊ ဂိုးသွင်း အများဆုံး ဆုရရှိသည့် သန်းဝဏ္ဏအောင်(တပ်မတော်–ရေ)အား ရွှေဘောလုံးဆုနှင့် ငွေကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရရှိသည့် Air Bagan အသင်း၊ ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အမှတ်(၂) လျှပ်စစ်စွမ်းအား အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၃–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် – ယောဆရာတော်၏ ဥပ္ပာတသန္တိ ပါဠိတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ တေးဂီတအစီအစဉ်
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၃၀ ၇။ International News.
- ၈း၄၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၅၅ ၉။ အကပြိုင်ပွဲ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၂၀ ၃။ **“ဒီအိုတီအက်စ်” (ဖိုးဖြူ၊ကျော်ထူး၊ခိုင်သင်းကြည်၊ ကြူကြူသင်း) [ဒါရိုက်တာ–သိန်းဟန်–(ဖီးနစ်)]**
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ အကပဒေသာ
- ၅း၀၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၁၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၂၅ ၉။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၀၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် (နိုင်ငံ့အင်အားလမ်းနှင့်တံတား) (ပြည်သူ့အားမာန်ဆည်တမံ)
- ၇း၁၀ ၁၆။ **“သစ္စာမော်ကွန်း” (အပိုင်း–၁) (သူထူးစံ၊မင်းဟိဏ်း၊သားညီ၊ ဖွဲ့နိုင်ဝင်း၊သတ္တိ၊မင်းခ၊ပြေတီဦး၊ နန္ဒ၊ဇင်မျိုး၊သက်မွန်မြင့်၊ ချစ်စနိုးဦး၊ပိုင်ဖြိုးသု) (ဒါရိုက်တာ–ညိုမင်းလွင်)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **“သစ္စာမော်ကွန်း” (အပိုင်း–၂) (သူထူးစံ၊မင်းဟိဏ်း၊သားညီ၊ ဖွဲ့နိုင်ဝင်း၊သတ္တိ၊မင်းခ၊ပြေတီဦး၊ နန္ဒ၊ဇင်မျိုး၊သက်မွန်မြင့်၊ ချစ်စနိုးဦး၊ပိုင်ဖြိုးသု) (ဒါရိုက်တာ–ညိုမင်းလွင်)**
- ၂၁။ အစီအစဉ်ပြီး၏။

ပါကစ္စတန်အစိုးရသစ်အား မှုရာရက်ဖ် ထောက်ခံမည်

အစ္စလာမ္မာဘတ် မတ် ၂၄

ကွယ်လွန်သွားခဲ့သော ဘေနာဇီဘူတိုး၏ပြည်သူ့အာဏာပါတီက အဆိုပြုသူ ယူဆုဖ်ဇာရား ဂီလာနီ ပါကစ္စတန်ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် သမ္မတပါဗက်မှုရှာရက်ဖ်က ပေါ်ပေါက်လာမည့် အစိုးရကို ထောက်ခံမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။ မှုရှာရက်ဖ်သည်လွန်ခဲ့သည့် နှစ်ဝင်ဘာလအတွင်းက စစ်တပ်အကြီးအကဲ ရာထူးမှနုတ်ထွက်ခဲ့သည်။

နောက်တက်မည့်အစိုးရသည် နိုင်ငံရေး၊ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းမည်ဟုလည်းကောင်း၊ အကြမ်းဖက်သမားများနှင့် အစွန်းရောက်သမားများကိုလည်း ဆက်လက်တိုက်ခိုက်သွားလိမ့်မည်ဟု လည်းကောင်း မျှော်လင့်ကြောင်း မှုရှာရက်ဖ်ကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ခရီးသည်ရထားပြေးဆွဲမည်

ဒါကာ မတ် ၂၄

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယအာဏာပိုင်များသည် ဒါကာ-ကိုလ်ကတ္တား ခရီးသည်တင် ရထားပို့ဆောင်ရေးကို နှစ်ဖက်နိုင်ငံမှ ပြည်သူများ ဘင်ဂါလီ နှစ်သစ်ကူးပွဲတော် ကျင်းပချိန် ဧပြီ ၁၄ရက်တွင် စတင်ရန် တနင်္ဂနွေနေ့က သဘောတူကြသည်။

ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရ ဆက်သွယ်ရေးအကြံပေးအရာရှိ အငြိမ်းစား ဗိုလ်ချုပ်ဂုလန်ကွာဒါးနှင့် အိန္ဒိယအစိုးရ ထိပ်တန်းအရာရှိ ဒါကာပိုင်နက်ရန်ကုန်ချက်ကရာဇာတိတို့နှစ်ဦးတွေ့ဆုံဆွေးနွေးရာမှ အဆိုပါ သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်နိုင်ငံဆွေးနွေးပွဲကို ဧပြီ ၁ရက်တွင် စတင်ပြီး ဒါကာကိုလ်ကတ္တား ရထားပို့ဆောင်ရေး သဘောတူညီချက်ကို နှစ်နိုင်ငံအစိုးရများက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး မတ်ဘူရာမန်က သတင်းဌာနများသို့ ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ခရီးသည်ရထား စတင်ပြေးဆွဲပြီးနောက် ကုန်စည်ပို့ဆောင်ရေးရထားကိုလည်း စတင်ရန် အိန္ဒိယထိပ်တန်းအစိုးရအရာရှိကြီးက ဘင်္ဂလားဒေ့ရှ်အစိုးရအား တိုက်တွန်းလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကျူးသူပုန်များ သိမ်းပိုက်ထားသည့်နယ်မြေ သီရိလင်္ကာတပ်ဖွဲ့ ပြန်လည်သိမ်းယူ

ကိုလံဘို မတ် ၂၄

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း မန်နာဒေသ တမီလ်ကျားသူပုန်များ သိမ်းပိုက်ထားသည့် ပါရာယာနာကူလမ်ဒေသကို မတ် ၂၂ ရက် အစောပိုင်းက အစိုးရတပ်ဖွဲ့များ ပြန်လည်သိမ်းယူခဲ့ကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်မှုမှာ ပြင်းထန်ခဲ့ပြီး အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးနှင့် သူပုန် ၁၅ ဦး ထက်မနည်း သေဆုံးခဲ့ကာ တပ်ဖွဲ့ဝင်ကိုးဦးနှင့် သူပုန်များ ဒဏ်ရာရရှိခဲ့သည်။ သီရိလင်္ကာမြောက်ပိုင်း၌ သူပုန်နှင့် အစိုးရတပ်ဖွဲ့တို့မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုပြုလုပ်သောထိုးစစ်သည် သူပုန်များ သိမ်းပိုက်ထားရာ မြောက်ပိုင်း ပြည်နယ်ကို ချေမှုန်းရန် ရည်ရွယ်၍ ပြုလုပ်သော စစ်ဆင်ရေး ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သီရိလင်္ကာတွင် ၁၉၈၃ ပြည့်နှစ်များအတွင်းက စတင်ဖြစ်ပွားသော နယ်မြေခွဲထွက်ရေးစစ်ပွဲကြောင့် သေဆုံးရသော ပြည်သူများမှာ ၇၀၀၀၀ ကျော်သွားပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် ကျင်းပသည့် အမျိုးသားနေ့တွင် တပ်ဖွဲ့ဝင်များ ချီတက်နေသည်ကို ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မက္ကဆီကိုတွင် တောမီးလောင် ရဟတ်ယာဉ်ဖြင့် ငြိမ်းသတ်

မက္ကဆီကို မတ် ၂၄

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း နျူဗိုလီယွန်ပြည်နယ် ဆန်တီယာဂိုမြို့နယ်ကျင်းတွင် တောမီးလောင်ကျွမ်းရာ အာဏာပိုင်များသည် ရဟတ်ယာဉ်ရှစ်စင်းဖြင့် မီးငြိမ်းသတ်လျက်ရှိကြောင်း အမျိုးသား တောမီးငြိမ်းသတ်ရေးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရဟတ်ယာဉ်များသည် ရေနှင့် ဓာတုဗေဒ ဆေးရည်များကို အသုံးပြု၍ ပက်ဖျန်းခဲ့သည်။ ယခုအချိန်အထိ အပျက်အစီး အသေအပျောက်များကို မရသေးကြောင်း အဆိုပါ တောမီးငြိမ်းသတ်ရေးဌာနက ပြောကြားသည်။

ယခုအချိန်အထိ ဟက်တာ ၃၆၀၀ မီးလောင်ကျွမ်းခဲ့ပြီး ဟက်တာ ၃၀၆၀ မှာ ချုံပုတ်များဖြစ်၍ ဟက်တာ ၅၄၀ မှာထင်းရှူးနှင့်ဝက်သစ်ချတောများ ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဩစတြေးလျား နိုင်ငံသားနှစ်ဦး လွတ်မြောက်ရေး ကဒါဖီ၏သားဖြစ်သူ ကြားဝင်ဆောင်ရွက်လျက်ရှိ

ဘာမာကို မတ် ၂၃

အာဖရိက မြောက်ပိုင်းဒေသတွင် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်က ဖမ်းဆီးထားသည့် ဩစတြေးလျား နိုင်ငံသားနှစ်ဦး၏ကိစ္စတွင် လစ်ဗျား နိုင်ငံခေါင်းဆောင်၏ သားဖြစ်သူက ကြားဝင် ဖျန်ဖြေလျက်ရှိပြီး ၎င်းဓားစာခံများ နာရီပိုင်းအတွင်း လွတ်မြောက်နိုင်သည်ဟု ၎င်းက ထင်မြင်ကြောင်း ဩစတြေးလျား နိုင်ငံရေးသမားတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ကဒါဖီကရုဏာဖောင်ဒေးရှင်းအကြီးအကဲ ဆိုင်အယ်လ်-အစ္စလမ်က မာလီရှိပြန်ပေးသမားများနှင့် ဆက်သွယ်ရေးမှုရှိသည်ဟု ကာရင်သီယာ အုပ်ချုပ်ရေးမှူး ဂျော့ပ်ဟိုင်ဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသုံးအဖြတ်ပေး

မာလီရှိ ညှိနှိုင်းဆွေးနွေးမှုများသည် အဆုံးအဖြတ်ပေးမည့်အဆင့်သို့ ရောက်ရှိနေပြီး လာမည့်နာရီပိုင်းအတွင်း ယင်းကိစ္စနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချနိုင်သည်ဟု လစ်ဗျားသတင်းအရ သိရှိရကြောင်း ပြောရေးဆိုခွင့်ရှိသူက ဟိုင်ဒါကို ကိုးကားဖော်ပြသည်။

သို့ရာတွင် ဓားစာခံများသည် နက်ဖြန်သို့မဟုတ် နောက်နေ့တွင် လွတ်ချိန်ပြီဟု ၎င်းက ပြောကြားသည်။

ကြားဝင် ဖျန်ဖြေသူ ကဒါဖီ၏သားသည် ဩစတြေးလျားနိုင်ငံတွင် ပညာသင်ကြားခဲ့သူဖြစ်ပြီး လက်ယာပါတီမှ ဟိုင်ဒါ၏ သူငယ်ချင်း ဖြစ်သည်။ ဩစတြေးလျားမှ ခရီးသည် နှစ်ဦးသည် တူနီးရှားနိုင်ငံတွင် လွန်ခဲ့သည့်လက အဖမ်းခံရပြီး မာလီမြောက်ပိုင်းဒေသတွင် ထိန်းသိမ်းခံထားရသည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

ယူနန်ပြည်နယ် အနောက်တောင်ပိုင်း၌ ကားမှောက် ခရီးသည် ၁၁ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

ကူမင်း မတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းတွင် တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီခန့်က စိုက်ပျိုးရေးလုပ်ငန်းသုံး ယာဉ်တစ်စီး တိမ်းမှောက်သွားရာ ၁၁ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖန်ကွင်းခရိုင် လင်ကန်မြို့တော်မှ ကီလိုမီတာ ၇၀ကွာဝေးသော စန်ခါပဟီးမြို့တွင် ကားမှောက်ခဲ့သည်ဟု မြို့တော်အုပ်ချုပ်ရေးအဖွဲ့ရုံးမှ သိရှိရသည်။

ခရီးသည်အများစုမှာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းပိတ်ရက် အိမ်သို့ ပြန်လာကြသော ကျောင်းသားများဖြစ်သည်။ ဒဏ်ရာရရှိသူများကို ခရိုင်ဆေးရုံသို့ ပို့ခဲ့သည်။

ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့အနီးတွင်လည်း စနေနေ့က အဝေးပြေးဘတ်(စ်)ကားတစ်စီး လမ်းဘေးအကာအရံတစ်ခုကို ဝင်တိုက်မိပြီး မှောက်သွားရာ ငါးဦးသေပြီး ၂၂ဦး ဒဏ်ရာရရှိသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ဟောင်ကောင်ဆေးရုံတစ်ရုံတွင် တုပ်ကွေးရောဂါ ဖြစ်ပွားခြင်း ရှိ၊ မရှိကို ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးမှုပြုလုပ်နေသည်ကို မတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုရီရီအစိုးရကို ပုန်ကန်နေကြသော သူပုန်တပ်ဖွဲ့များ သိမ်းပိုက်ထားသော အင်ဂျူဝမ်ကျွန်းကို ပြန်လည်သိမ်းပိုက်ရန် ရောက်ရှိလာကြသော အာဖရိကသမဂ္ဂမှ တပ်ဖွဲ့ဝင်များကို မတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင်ထုတ်လွှင့်မှုဖြင့် ဝက်ဘ်ဆိုက် ၆၂ ခုကို တရုတ်၌ ပြစ်ဒဏ်ချမှတ်မည်

ပေကျင်း မတ် ၂၄

တရုတ်နိုင်ငံမှ ဝက်ဘ်ဆိုက်အချို့သည် ခွင့်ပြုမှုမရှိဘဲ ထုတ်လွှင့်နေခြင်း သို့မဟုတ် တားမြစ်ထားသော အသံနှင့်ဗီဒီယို အစီအစဉ်များကို အွန်လိုင်းမှ ထုတ်လွှင့်ပြသခြင်းတို့အတွက် ဝက်ဘ်ဆိုက် ၆၂ ခုကို ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာသည်။

အဆိုပါဝက်ဘ်ဆိုက်များသည် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဖေဖော်ဝါရီလ ၂၀ ရက်အထိ နှစ်လတာကာလအတွင်း စည်းကမ်း ချိုးဖောက်ခဲ့သည့် ဝက်ဘ်ဆိုက်ပေါင်း ၆၂၃ ရှိကြောင်း နိုင်ငံပိုင်ရေဒီယို၊ ရုပ်ရှင်နှင့်ရုပ်သံ စီမံခန့်ခွဲရေးဌာန (အက်စ်အေအာရ်အက်ဖ်တီ)က မတ် ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ဝက်ဘ်ဆိုက်များ၌ ထုတ်လွှင့်ချက်သည် ညစ်ညမ်းခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် မငြိမ်မသက်ဖြစ်စေခြင်းစသည့် နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်မှုအန္တရာယ်ဖြစ်နိုင်သဖြင့် အပြစ်ဒဏ် ချမှတ်မည်ဖြစ်ကြောင်း၊ တရားမဝင် ထုတ်လွှင့်ခဲ့သည့် ဝက်ဘ်ဆိုက်တွင် ပေါ်ပြူလာ ဒဗလျူဒဗလျူဒဗလျူ ဒေါ့ဒ်အမ်အိုဗီအိုဒေါ့ကွန်း အပါအဝင် ဝက်ဘ်ဆိုက် ၂၅ ခုကို တွေ့ရှိခဲ့သည်။ ၎င်းတို့သည် အသံနှင့်ဗီဒီယိုလုပ်ငန်းများမှ အကျအညီကို ရယူပြီး တရားမဝင် ဝက်ဘ်ဆိုက်လွှင့်တင်ခဲ့သည်။

သတိပေးခံခဲ့ရ

အခြားသောဝက်ဘ်ဆိုက် ၃၂ ခုသည်လည်း ဥပဒေ ချိုးဖောက်သည့် အစီအစဉ်မျိုး မငြိမ်မသက်ဖြစ်စေရန် လှုံ့ဆော်မှုမျိုး ထုတ်လွှင့်မှုကြောင့် သတိပေးခံခဲ့ရသည်။ ထိုအထဲတွင် လူသိများသော ဝက်ဘ်ဆိုက်အချို့လည်း ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ငံတကာရေးရာ သတင်းများ

မက်ကိန်း သမ္မတဖြစ်လာပါက ဘုရှ်၏မူဝါဒကို ဆက်ခံဖွယ်ရာရှိဟု အာရပ်အများစု ယုံကြည်နေကြ

ဘေရွတ် မတ် ၂၅

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်၏ သမ္မတသက်တမ်းပြီးဆုံးပြီး လာမည့် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းအနိုင်ရပါက အမေရိကန်၏မူဝါဒတွင် အနည်းငယ်သာပြောင်းလဲနိုင်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်မှုပျက်ပြားလာနိုင်ဖွယ်ရှိကြောင်း အာရပ်အများစုက စိုးရိမ်မကင်းဖြစ်နေကြသည်။

ထောက်ခံမှုပေးနိုင်

သို့ရာတွင်မက်ကိန်းသမ္မတဖြစ်လာပါကအမေရိကန်၏ လက်ရှိမူဝါဒများကို ဆက်လက် ဖော်ဆောင်ဖွယ်ရှိသည်ဟု အာရပ်ကမ္ဘာမှ ဘုရှ်အား ဝေဖန်သူများက စိုးရိမ်မကင်းဖြစ်နေကြသည်။ ယင်းမူဝါဒကြောင့် အီရတ်တွင် ကသောင်းကနင်းဖြစ်နေမှုများ ဆက်လက်ပေါ်ပေါက်ပြီး အစ္စရေးနှင့် ပါလက်စတိုင်း ပြဿနာတွင် အစ္စရေးကို ဆက်လက်ထောက်ခံမှုပေးနိုင်မည်ဖြစ်သည်။

မက်ကိန်းက အီရတ်နိုင်ငံ တည်ငြိမ်မှုမရမီအထိ အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်ထားရှိလိုပြီး ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းပြိုင်ဘက်များနှင့် သဘောထား ကွဲလွဲလျက်ရှိသည်။ ၎င်း၏ ပြိုင်ဘက်များက အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းလိုသည့် ဆန္ဒရှိကြသည်။

တွေးမြင်လျက်ရှိ

အမေရိကန်တွင် မည်သည့်အစိုးရအဖွဲ့တက်စေကာမူ အစ္စရေးနှင့် အဆင်ပြေမည့်သူများသာ ဖြစ်နိုင်သည်ဟု အာရပ်အများစုက တွေးမြင်လျက်ရှိကြသည်။

အမေရိကန် သမ္မတလောင်းများတွင် အနည်းငယ်စီ ကွဲလွဲမှုရှိကြသော်လည်း အစ္စရေး၏ အကျိုးနှင့် လုံခြုံရေးအတွက် ဖော်ဆောင်မည့်သူများသာ ဖြစ်ပြီး အီရတ်၏ ကိစ္စသည် သီးခြားအဖြစ်အပျက် တစ်ရပ်သာဖြစ်ကြောင်း အာရပ်အများစုက ထင်မြင်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်သည် အန္တရာယ်တစ်ရပ်ဖြစ်ဟု ပြင်သစ်သမ္မတ၏ ဝေဖန်မှု အီရန်ပယ်ချ

တီဟီရန် မတ် ၂၄

နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် အစ္စလာမ္မစ်နိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်ကို ဆန့်ကျင်ရန် လိုအပ်သည်ဟု ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီ၏ ဝေဖန်ပြောကြားချက်ကို အီရန်က တနင်္ဂနွေနေ့တွင်ပယ်ချကြောင်း သတင်းဌာနက ဖော်ပြသည်။

နိုင်ငံအများစုက အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ သက်သာမကင်းဖြစ်ကာ အမျိုးမျိုးတွေးတောနေကြစဉ် အီရန်က တာဝေးပစ်ဒုံးပျံများ တိုးမြှင့်ဆောင်ရွက်နေသည်ဟု ဆာကိုဇီက ရေဒုပ်သဘော်ရေချ အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

သို့ရာတွင် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟော့စိန်နီက အရှေ့အလယ်ပိုင်းဒေသတွင် အီရန်နိုင်ငံသည် ငြိမ်းချမ်းမှုရှိပြီး တည်ငြိမ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု အခိုင်အမာ ပြောကြားသည်။

အီရန်က မိမိ၏ စွမ်းပကားကို မြှင့်တင် ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ယင်းအောင်မြင်မှုများကို အခြားနိုင်ငံများအတွက် အန္တရာယ်ဖြစ်စေသည်ဟု ခွဲခြားသတ်မှတ်နေခြင်းသည် သင့်တင့်လျောက်ပတ်မှုမရှိ၊ ခိုင်မာမှုမရှိဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မက္ကဆီကိုတွင် အအေးဒဏ်ကြောင့် သေဆုံးသူ ၅၂ဦးရှိ

မက္ကဆီကိုစီးတီး မတ် ၂၄

မက္ကဆီကိုနိုင်ငံတွင် အောက်တိုဘာမှ မတ်အတွင်း ရာသီဥတုအေးလွန်းသဖြင့် သေဆုံးသူ ၅၂ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

၎င်းသေဆုံးသူများတွင် ကာဗွန်မိုနောက်ဆိုက်အဆိပ်မိသောကြောင့် သေသူ ၂၈ဦးနှင့် ခန္ဓာကိုယ်အပူချိန်အလွန်အမင်း ကျဆင်းသောကြောင့် သေသူ ၂၂ဦး ပါဝင်သည်။ အဆိုးရွားဆုံး အအေးဒဏ်ခံရသော ပြည်နယ်နှစ်ခုမှာ ချီဟွားဟွားနှင့် မြောက်ပိုင်းရှိ ဆိုနိုရာတို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ၌ကျင်းပသည့် ရိုးရာပွဲဖြစ်သော လူနှင့် နွားရိုင်းသတ်သည့်ပွဲတွင် နွားရိုင်းခတ်၍ ဒဏ်ရာအပြင်းအထန်ရသွားသူတစ်ဦးအား မတ် ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အေသင် အိုလံပစ်ရေကူးချန်ပီယံ လူယိုရီကျန်က ပေကျင်း၌ ထွန်းညှိမည့် အိုလံပစ် မီးရှူးတိုင်ကို ဂရိနိုင်ငံတွင် မတ် ၂၄ ရက်က လက်ဆင့်ကမ်းသယ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိုလံပစ်မီးရှူးတိုင် အိုလံပီယာမြို့တွင် စတင်ထွန်းညှိ တိုက်ကြီးငါးတိုက်ကိုဖြတ်၍ ပေကျင်းမြို့သို့ သယ်ဆောင်မည်

အိုလံပီယာ(ဂရိ) မတ် ၂၅

ဂရိနိုင်ငံ ရှေးဟောင်းမြို့ အိုလံပီယာ ဟီရာဘုရားကျောင်းရှေ့တွင် နေရောင်ခြည်မှတစ်ဆင့် အိုလံပစ်မီးရှူးတိုင်ကို တနင်္လာနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ထွန်းညှိလိုက်သည်။

မာရီယာနစ် ပလီယိုတွန်ဆိုသူ အမျိုးသမီးက အိုလံပစ်မီးရှူးတိုင်ကို ထွန်းညှိပေးလိုက်ပြီး အိုလံပစ်မီးရှူးတိုင် ထွန်းညှိမည့် ရှေးဟောင်း အိုလံပီယာ အားကစားပြိုင်ဝင်းအတွင်းသို့ သယ်ဆောင်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မီးရှူးတိုင်ကို ၂၀၀၄ ခုနှစ် အိုလံပစ်တိုက်ကွမ်ဒို ငွေတံဆိပ်ဆုရှင် အလက်စန္ဒြိုစ်နီကိုလိုင်ဒက်(ခ်)သို့ လွှဲပြောင်းပေးအပ်သည်။

အလံလွှင့်ထူ

ထိုအခမ်းအနားတွင် အိုလံပစ်သီချင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ဂရိနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်ပြီး အိုလံပစ်အလံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလံနှင့် ဂရိအလံတို့ကို လွှင့်ထူသည်။

ဂရိနိုင်ငံအတွင်း ၆၀၅ ဦးက မီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်ကြမည်ဖြစ်သည်။

၎င်းအိုလံပစ် မီးရှူးတိုင်သည် တိုက်ကြီးငါးတိုက်ကို ဖြတ်သန်းသယ်ဆောင်ပြီး ပေကျင်းမြို့သို့ မတ် ၃၁ ရက်တွင် ရောက်ရှိမည်ဖြစ်ရာ တိန်အန်မင်ရင်ပြင်တွင် အခမ်းအနားဖြင့် ကြိုဆိုမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင်းရှိ ရှိယိုက်လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွားပြီး ဘာဆရာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အီရတ်ရဲတပ်ဖွဲ့ဝင်များအား မတ် ၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီဂျစ်က ဟားမတ်စ်အကျဉ်းသား ၃၄ ဦးကို လွှတ်ပေး

ဂါဇာ မတ် ၂၄

အီဂျစ်အာဏာပိုင်များက ဟားမတ်စ်အကျဉ်းသား ၃၄ဦးကို တနင်္ဂနွေနေ့က လွှတ်ပေးခဲ့ပြီး ရာဖာနယ်စပ်မှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ ပို့ပေးခဲ့ကြောင်း ဂါဇာရှိ ဟားမက်စ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

အီဂျစ် အကျဉ်းထောင်အတွင်း ထိန်းသိမ်းထားသည့် ပါလက်စတိုင်း ၃၄ဦးကို မွန်းလွဲပိုင်းက လွှတ်လိုက်ပြီး ဟားမတ်စ်ထိန်းချုပ်မှုအောက်ရှိ ဂါဇာကမ်းမြောင်နယ်စပ်မှတစ်ဆင့် ဖြတ်သန်းစေခဲ့သည်ဟု ဂါဇာရှိ ဟားမတ်စ် အုပ်စု ပြောရေးဆိုခွင့်ရှိသူ အေမန် တာဟာက သတင်းထောက်များကို ပြောကြားသည်။

အီဂျစ်အကျဉ်းထောင်များမှ အကျဉ်းသား ၃၄ဦး လွှတ်ပေးမှုသည် အီဂျစ်အာဏာပိုင်များနှင့် မိမိတို့ အစည်းအဝေးပြုလုပ်ခဲ့သည့် အကျိုးရလဒ်ပင်ဖြစ်ပြီး အကျဉ်းသားနှစ်ဦးမှာ အီဂျစ်အကျဉ်းထောင်အတွင်း ဆက်လက်ရှိနေသေးသည်ဟု ၎င်းကပြောကြားသည်။

ပါလက်စတိုင်း-အစ္စရေး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက်ကြိုးပမ်းသည့်အနေဖြင့် အီဂျစ်တာဝန်ရှိပုဂ္ဂိုလ်များက ဟားမတ်စ်နှင့် ဂျီဟက်လှုပ်ရှားမှုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သီးခြားတွေ့ဆုံကာ ဆိုင်းနိုင်းဒေသရှိ အယ်လ်ကာရစ်မြို့တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ သောင်းကျန်းသူ ၁၂ဦး သေဆုံး

ကဘူး မတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဥရုဇဂန်ပြည်နယ် ချိုရာခရိုင်တွင် မတ် ၂၃ ရက်က နိုင်ငံတကာတပ်ဖွဲ့များက သောင်းကျန်းသူများကို စစ်ဆင်ရေးပြုလုပ်စဉ် တာလီဘန် သောင်းကျန်းသူ ၁၂ဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက တနင်္လာနေ့တွင် ပြောကြားသည်။

၎င်းစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် သုံးဦး ဒဏ်ရာရရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၈၀၀၀ ကျော်သေဆုံးပြီး ၂၅၀ကျော် ပျောက်ဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှ စူးစမ်းရှာဖွေသူအမျိုးသမီး မြောက်ဝင်ရိုးစွန်းခရီးစဉ် အောင်မြင်ခါနီးမှ လက်လျှော့ရ

လန်ဒန် မတ် ၂၄

စူးစမ်းရှာဖွေသူ ဗြိတိသျှအမျိုးသမီး ဟာနာမက်ကီအန်သည် ရေခဲတောင်မှလိမ့်ကျခဲ့သဖြင့် မြောက်ဝင်ရိုးစွန်းသို့ အကူအညီမပါဘဲ တစ်ဦးတည်း အောင်မြင်စွာရောက်ရှိသူအဖြစ် မှတ်တမ်းမတင်နိုင်ဘဲ ပျက်ပြယ်သွားခဲ့ရကြောင်း ၎င်း၏ခရီးစဉ်မန်နေဂျာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ဟာနာမက်ကီအန်သည် ကနေဒါနိုင်ငံ "ဝါဒ်ဟန့်" ကျွန်းမှ မတ် ၈ ရက်တွင် စတင်ခရီးထွက်ခွာခဲ့ပြီး နှင်းလျှောစီး၊ ခြေလျင်လမ်းလျှောက်၊ ရေကူးရင်းဖြင့် မြောက်ဝင်ရိုးစွန်းဒေသသို့ ရက်ပေါင်း ၆၀ အတွင်း ၄၇၈ မိုင် (ကီလိုမီတာ ၇၇၀) ခရီးနှင်ရန် မျှော်လင့်ထားခဲ့သည်။ ယင်းဒေသတွင် အပူချိန်သည် အနုတ်ဆယ်ဆီယပ်စ် ၆၀ ဒီဂရီထိရှိသည်။

အသက် ၃၄နှစ်ရှိ ဟာနာမက်ကီအန်သည် ကြာသပတေးညတွင် ဝင်ရိုးစွန်းရေခဲပြင်မှ ရှစ်ပေအနက်ရှိတွင်းတစ်ခုအတွင်း လိမ့်ကျခဲ့ပြီးနောက်ခြေထောက်၊ ပခုံးနှင့်နောက်ကျောတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၂၁ ရက်တွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့သို့ ရောက်ရှိကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပန်းလှိုင်မြစ်အကောက်စခန်း၌ ညောင်တုန်းမြို့မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ညောင်တုန်းမြို့၌ ကမ်းထိန်းကျောက်စီနံရံ ပြုလုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

(ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဖွံ့ဖြိုးရေး ဓာတ်ပုံကဏ္ဍအညွှန်း)

☆ "တပ်မတော်သည် တစည်းတလုံးတည်း၊ တညီတညွတ်တည်းရှိသော အင်အားစုကြီးဖြစ်သည့်အတိုင်း မြန်မာတို့အတွက် လွတ်လပ်ရေးကို တိုက်ယူပေးခဲ့သည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်သူတို့လိုလားသော ပြည်တွင်းငြိမ်းချမ်းရေးကို ရအောင် ဆောင်ကြဉ်းပေးခဲ့သည်။ ပြည်သူတို့ လွတ်လပ်ရေးအရသာ အပြည့်အဝခံစားစေနိုင်မည့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ပေးခဲ့သည်။"

ခိုင်မျိုးစစ်၏ **"အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်"** (ဆောင်းပါး) စာမျက်နှာ-၆၊ ၇

☆ ဖိုးရန်နိုင်(ကျောက်ကြီး)၏ **"ပြည်ထောင်စုစိတ်ဓာတ်အကျင့်မြတ်ဖြင့်"** (ကဗျာ) စာမျက်နှာ-၇

☆ ရဲမင်းထက်၏ **"တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူရန်မူဝံ့မည်နည်း"** (ကာတွန်း) စာမျက်နှာ-၇

☆ **"တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ"** (ဓာတ်ပုံကဏ္ဍ) စာမျက်နှာ-၈